မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၅၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် နိုင်ငံခြားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် နိုင်ငံခြားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Hon. Mr. Zheng Silin ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတီခွန်မြတ်၊ ဦးသူရိန်ဇော်၊ ဦးဝင်းစိန်၊ ဦးလှမြင့်ဦးနှင့် အတွင်းရေးမှူး ဒေါက်တာစိုးရင်တို့ *စာမျက်နှာ ၄ ကော်လံ ၅* ◆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် နိုင်ငံခြားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Hon. Mr. Zheng Silin ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Kozo Yamamoto ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် (Member of The House of Representatives of Japan) Mr. Kozo Yamamoto ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး အောက်လွှတ်တော်အမတ် Mr. Kozo Yamamoto ခေါင်းဆောင်သော ကိုယ်စားလှယ် *စာမျက်နှာ ၄ ကော်လံ ၅* *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၄ ရက်)

ကမ္ဘာလှည့်ခရီးသွားများ တိုးမြှင့်ရောက်ရှိရေး ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝဖော်ဆောင်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပြည့်စုံသောနိုင်ငံဖြစ်သကဲ့သို့ ရေမြေတောတောင် သဘာဝအလှကိုလည်း ရရှိပိုင်ဆိုင်ထားသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားများကို စိတ်ဝင်တစားဆွဲဆောင်နိုင်သော မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ရှေးဟောင်းအမွေအနှစ်များ၊ သဘာဝပင်လယ်ကမ်းခြေ၊ သဘာဝအလျောက်ဖြစ်တည်နေသော ရေကန်များလည်းတည်ရှိနေပေသည်။

ယနေ့အချိန်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ဟိုတယ်များသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် (Green Hotel) များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေမှုအဖြစ်ဆုံးဟိုတယ်(Eco-Friendly Hotel) များ၊ အဆင့်အတန်းနှင့် အရည်အသွေးမြင့်မားသည့် (Star Hotel) အဆင့်ဝင် ဟိုတယ်များစာရင်းတွင်ပါဝင်နိုင်ရေးအတွက် အာဆီယံနိုင်ငံများ၏ သတ်မှတ်ချက်များအတိုင်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဟိုတယ်လုပ်ငန်း၏ သဘောသဘာဝသည် ကြီးကျယ်ခမ်းနားသည့် အဆောက်အအုံ၊ ခေတ်မီပြည့်စုံသည့် အသုံးအဆောင်များသာမက ဧည့်ဝတ်ကျေပွန်သည့် ဝန်ဆောင်မှုကိုပါ ဆောင်ရွက်နိုင်မှ ပြီးပြည့်စုံသည့် နိမိတ်ပုံကောင်းရရှိမည်ဖြစ်သည်။ ဟိုတယ်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသူများသည် လုပ်ငန်းဌာနနှင့် ဟိုတယ်တစ်ခုလုံးအတွက် ဝန်ဆောင်မှုအရည်အသွေးကျဆင်းမသွားရန်၊ ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရန်၊ လာရောက်တည်းခိုသည့် ဧည့်သည်များ သတိတရဖြစ်စေပြီး အကြိမ်ကြိမ်လာရောက်လည်ပတ်စေရန် မှန်ကန်ကောင်းမွန်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝကဖြစ်တည်နေသော သဘာဝ၏အလှအပများနှင့် ပြည့်စုံနေသည့်အလျောက် သဘာဝအလှအပကို ကြည့်ရှုခံစားပြီး အနားယူလိုသောခရီးသွားများအတွက် ငပလီကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ စက်စဲကမ်းခြေ စသည်တို့တည်ရှိပြီး သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း စိတ်ဝင်စားသူများအတွက် ခရီးသွားစခန်းများ၊ အပန်းဖြေစခန်းများလည်း တည်ရှိသည်။

ကမ္ဘာလှည့်ခရီးသွားများ တိုးမြှင့်ရောက်ရှိရေးအတွက် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားကုမ္ပဏီများသည် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝပေးနိုင်ခြင်းဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်မည်ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသွားများ တိုးမြှင့်ရောက်ရှိခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုလျက်ရှိသဖြင့် မြန်မာတို့၏ ဖော်ရွေပျူငှာမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကိုပြသလျက် ကမ္ဘာလှည့်ခရီးသွားများ တိုးတက်ရောက်ရှိရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အထူးအထွက်တိုးစပါးမျိုး စိုက်ပျိုးထုတ်လုပ်မှုနှင့် စံကွက်ရိတ်သိမ်းမှု လက်တွေ့ပညာပေး ဆွေးနွေးပြသ

ရန်ကုန် စက်တင်ဘာ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါးသုတေသနဌာနက မှော်ဘီမြို့တွင် စိုက်ပျိုးထားရှိသည့် အထူးအထွက်တိုးစပါးမျိုးစိုက်ကွင်းများ၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို တောင်သူလယ်သမားများသို့ ပညာပေးဆွေးနွေးခြင်းနှင့် စံကွက်လက်တွေ့ရိတ်သိမ်းပြသခြင်းကို စက်တင်ဘာ ၂၂ ရက်နံနက် ၈ နာရီက ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ပညာပေးလက်တွေ့ပြသပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက အထူးအထွက်တိုးစပါးမျိုးများကို သိပ္ပံနည်းကျစိုက်နည်းစနစ်(၁၄)ချက်နှင့်အညီ အဆင့်ဆင့်စိုက်ပျိုးခဲ့ခြင်းကြောင့် တစ်ဧက အထွက်နှုန်းတင်း ၂၀၀ အထက် ရရှိနိုင်မည့်အခြေအနေ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့ ဆက်လက်ကွင်းဆင်းဖြန့်ဖြူးပေးနိုင်မည့် အခြေအနေတို့ကို ပညာပေးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ခေတ်မီစပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် တစ်ဧကစံကွက်ကို ရိတ်သိမ်းခြွေလှေ့ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**
(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးပြိုင်ပွဲပါဝင်မည်

နေပြည်တော် စက်တင်ဘာ ၂၃

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို လာမည့်အောက်တိုဘာ ၁၄ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ ဇာတ်တော်ကြီးပြိုင်ပွဲတွင် မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးပြိုင်ပွဲ ပါဝင်မည်ဖြစ်သည်။

အနှစ်သာရပေါ်လွင်

မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးပြိုင်ပွဲ ယှဉ်ပြိုင်ကပြရာတွင် မြတ်စွာဘုရားရှင်၏ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ မေတ္တာတော်အနန္တတို့ကို ကြည်ညိုသဒ္ဓါပွားများကြစေရန် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ဂုဏ်ကျေးဇူးအထူးထူးကို သိမြင်နိုင်ကြစေရန်၊ အလောင်းတော်၏ သာသနာတော်ရှင့်သန်မှုကို ကြည်ညိုသဒ္ဓါပွားများကြစေရန်ဟူသော ရည်ရွယ်ချက်များကို ကြိုတင်လေ့လာသိရှိထားကြရမည်ဖြစ်ပြီး မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ကြည်ညိုသဒ္ဓါပွားများကြစေရန်ဟူသော အနှစ်သာရပေါ်လွင်စေရမည်ဖြစ်သည်။

မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးပြိုင်ပွဲအတွက် ဇာတ်တော်ကြီးအဖွဲ့လိုက် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် သုဒ္ဓေါဒနမင်းသားဆု၊ မယ်တော်မာယာမင်းသမီးဆု၊ ဗကအမတ်ကြီးဆု၊ သုပ္ပဗုဒ္ဓမင်းသားကြီးဆု၊ နှစ်ပါးသွားဆု (မင်းသား၊ မင်းသမီး)၊ ဇာတ်သဘင်တင်ဆက်မှုဆိုင်ရာ စာပေဆု (ဇာတ်ညွှန်းဆု)၊ ပွဲပိုးဆိုင်းဆုနှင့် ဒါရိုက်တာဆုများကို ချီးမြှင့်သွားမည်ဖြစ်သည်။

စီစဉ်တင်ဆက်နိုင်

မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးကို ဆို၊ ငို၊ ပြော ဇာတ်ကြီးအဖြစ် ယှဉ်ပြိုင်ခွင့်ပြုထားရာ ဇာတ်စာ၊ ဇာတ်စကားနှင့် ဇာတ်သီချင်းတို့ကို မိမိနှစ်သက်ရာအစီအစဉ်အလိုက် သမားစဉ်အတိုင်း ယှဉ်ပြိုင်ခွင့်ရှိသည်။ မဟာဗုဒ္ဓဝင်ကို ပြဋ္ဌာန်းထားခြင်းဖြစ်၍ ဗုဒ္ဓဝင်လာဇာတ်ကြောင်းကိုသာမှီး၍ ကပြကြရမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးသူနှင့် ဇာတ်စီးဆရာတို့သည် မိမိတို့ပညာဖြင့် သင့်ရာအခန်းများ၊ ပြကွက်များ စီစဉ်တင်ဆက်နိုင်သည်။ **(တင်ထွေး)**

ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူး၍ မြန်မာသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (Myan Sea) က ဖွင့်လှစ်သည့် Basic Safety Training Course အမှတ်စဉ်(၀၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက်နံနက် ၉ နာရီက အမှတ်(၇) လေးထောင့်ကန်လမ်း သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးရှိ Trade Wind Maritime Training Center သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးဖုန်းမြင့်လူက အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးကျော်မြင့်ဦးက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ပြီး သင်တန်းသားဦးရေ ၈၀ တက်ရောက်ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရှင်းလင်းတင်ပြ

ပြည်တွင်းအခွန်များဦးစီးဌာန တာမွေမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမတွင် စက်တင်ဘာ ၃ ရက်က အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရွှေမိုးက ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်ခွန်ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေနှင့် အောင်ဘာလေ သိန်းဆုခွန်အကြောင်း ရှင်းလင်းတင်ပြစဉ်။ (၀၄၄)

မြဝတီရုပ်မြင်သံကြား

၂၄-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၄၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	မြန်မာ့ရှုခင်း

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀	၃။	နိုင်ငံတော်သီချင်း
၁၁း၁၅	၄။	အဖွင့်သီချင်း
၁၁း၂၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၅	၆။	ကာတွန်းအစီအစဉ် **ဟင်နရီရဲ့အိပ်မက်** (အပိုင်း-၁၅)
၁၂း၀၀	၇။	ရုပ်မြင်သံကြားဇာတ်လမ်း **မရှိမဖြစ် ရှိမဖြစ်ဘာသစ်** ပြေတီဦး၊ စိုးမြတ်နန္ဒာနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ကိုဇော် (အရှက်ဦး)
၁၄း၀၀	၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၁၈)
၁၄း၅၅	၉။	မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း **ရေဆုံးမြေဆုံး** (အပိုင်း-၁)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၃	၃။	နိုင်ငံတော်သီချင်း
၄း၀၆	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၅	၇။	ပညာပေးဇာတ်လမ်းတို
၄း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	၉။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀	၁၀။	ကုန်သွယ်သုတ
၅း၀၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၅။	စားဖိုဆောင်ချစ်သူ
၆း၄၀	၁၆။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီချစ်သူဆီ** (အပိုင်း-၄)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	လူ့ရှင်တော်စတား
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၅၃)
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၈၀)

ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာ၌ ချေးငွေများထုတ်ချေး

ရန်ကုန် စက်တင်ဘာ ၂၃

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာ ၂၀ ရက်က ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတောင်သူများအား ချေးငွေများထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကိုယ်စား ငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံညိမ်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၄၈)

ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၉/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၉/၂၀၁၁)

၁၃၇၃ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ ရေသန့်ရပ်၊ အမှတ် (၁၉/ခ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) အား ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)၏ မှတ်ပုံတင်အမှတ်မှာ (၄၃) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Dr. Villur Sundararajan Seshadri သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

မွန်ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှ ပြည်နယ်တာဝန်ခံက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်မန်နေဂျာက ဆောင်ရွက်ပြီး လုပ်ငန်းများနှင့်ဆက်လက်ဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးများက ကဏ္ဍအလိုက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးများက ခရိုင်အလိုက် စီမံကိန်းအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မွန်ပြည်နယ် တရားရုံးမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ လုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများမှ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးဇော်လင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်၍ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စီမံခန့်ခွဲရေးလုပ်ငန်းကျွမ်းကျင်မှု အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနစီမံခန့်ခွဲရေးလုပ်ငန်းကျွမ်းကျင်မှု အခြေခံသင်တန်းအမှတ်စဉ် (၂ /၂၀၁၁) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သန်းဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ ဒေါ်နွယ်နွယ်စိုး၊ ဒုတိယဆုရ ဒေါ်မိုးကလျာထွေးနှင့် တတိယဆုရ ဒေါ်ဟန်နီထွန်းတို့အား ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ပြီး လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်ထံပေးအပ်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စီမံခန့်ခွဲရေးလုပ်ငန်း ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၁၁) တွင် ပထမဆုရ ဒေါ်နွယ်နွယ်စိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တောင်ငူနှင့် အုတ်တွင်းမြို့နယ်တို့၌ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးနှင့် တိုင်းဒေသကြီး နယ်စပ်ဒေသနှင့် လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်းတို့သည် စက်တင်ဘာ ၁၈ ရက်တွင် တောင်ငူခရိုင် တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

တောင်ငူမြို့နယ် ကျေးရွာရှစ်ရွာရှိ ရေဘေးသင့်ပြည်သူ ၉၅၀၂ ဦးအတွက် ဆန် ၁၆၆ အိတ်၊ ဆီပိဿာ ၁၅၀၊ ဆပ်ပြာမှုန့်ခုနစ်အိတ်၊ အဝတ်အထည်မျိုးစုံ အထည် ၁၂၀၀ ကိုလည်းကောင်း၊ အုတ်တွင်းမြို့နယ် ဝါးတီးကျေးရွာ၊ ချောင်းနားကျေးရွာ၊ အုန်းပင်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန် ၃၃ အိတ်၊ ဆီ ၃၁ ပိဿာ၊ ခေါက်ဆွဲခြောက် ၁၆ သေတ္တာ၊ ဆပ်ပြာ ၂၅ ထုပ်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်သွယ်လှူဒါန်းနိုင်

တောင်ငူခရိုင် တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် ထန်းတပင်မြို့နယ်များ၌ စစ်တောင်းမြစ်ရေကြီးမှုကြောင့်ရေဝင်လျက်ရှိရာ စေတနာရှင်ပြည်သူများအနေဖြင့် ထောက်ပံ့ရေးပစ္စည်းများကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၆) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲအုပ်ကိုကိုနိုင်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(ရုံးချုပ်)၌ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် အိန္ဒိယနိုင်ငံကို ဖြတ်ကျော်ဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေမြောက်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မုတ်သုံအလွန်

ရွှေရင်အေး

၂၀၁၁ ခုနှစ် မိုးနှောင်းကာလဟာ စက်တင်ဘာ ၁ ရက်ကစပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာတဲ့နေ့အထိလို့ မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနက သတ်မှတ်ထားပါတယ်။ ယခုနှစ်အတွက် အနောက်တောင်မုတ်သုံလေဟာ စက်တင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများနဲ့ အလယ်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာလတတိယ ၁၀ ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊ အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွင်းမှာတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိတယ်လို့လည်း ဖော်ပြထားပါတယ်။ အဲဒီလို မုတ်သုံဆုတ်ခွာချိန်များအတွင်း ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်မှာ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက ဩဂုတ် ၂၈ ရက်မှာ သတင်းထုတ်ပြန်ခဲ့ပါတယ်။

ယခုရက်ပိုင်းအတွင်း ကမ္ဘာတစ်ဝန်း (တရုတ်၊ အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ ပါကစ္စတန်) နိုင်ငံတို့မှာ အပူပိုင်းမုန်တိုင်းမျိုးစုံ တိုက်ခတ်မှုသတင်းတွေနဲ့ မုန်တိုင်းရဲ့နောက်ဆက်တွဲဖြစ်ရပ်များကြောင့် လူသေပျောက်မှုတွေ ပျက်စီးဆုံးရှုံးမှုတွေကို ကြားနေမြင်နေကြတာမို့ မြန်မာနိုင်ငံရဲ့ ရာသီဥတုသဘောသဘာဝအရ ဖြစ်လာနိုင်တဲ့ အခြေအနေအရပ်ရပ်ကို မျှော်တွေးလို့ သတိပေးတင်ပြလိုပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှရဲ့ အနောက်စွန်းပိုင်းမှာတည်ရှိပြီး ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်တို့နဲ့ ထိစပ်နေတာကြောင့် ကမ်းရိုးတန်းအရှည်က ကီလိုမီတာ ၂၄၀၀ ရှိနေပါတယ်။ ဒါကြောင့် လှိုင်းဒဏ်၊ ဆိုင်ကလုန်းမုန်တိုင်းဒဏ်နဲ့ အဲဒါတွေနဲ့ ဆက်စပ်နေတဲ့ ရာသီဥတုတွေရဲ့ အန္တရာယ်ရှိနေပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းရပ်ဝန်းဟာ အီကွေတာမှမြောက်ဘက်ကို ဗြဟ္မပုတြမြစ်၊ ဂင်္ဂါမြစ်နဲ့ မဂ်နာ မြစ်ဝများ၊ အရှေ့ဘက်သို့ အိန္ဒိယနိုင်ငံ မဒရပ်ကမ်းရိုးတန်းမှ မြန်မာနိုင်ငံကမ်းရိုးတန်းအထိ တည်ရှိပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်ရင် ယေဘုယျအားဖြင့် အနောက်ဘက်ရှိ အိန္ဒိယနိုင်ငံဘက်ကို ဦးတည်ရွေ့လျားပါတယ်။ မုန်တိုင်းလမ်းကြောင်း အနည်းငယ်ကွေးပြီဆိုရင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ဦးတည်ပြီးလမ်းကြောင်းကွေးတာများသွားရင်တော့ မြန်မာနိုင်ငံကမ်းရိုးတန်းကို ဦးတည်ပါတယ်။ လမ်းကြောင်းကွေးမှု များလေလေ မြန်မာနိုင်ငံကမ်းရိုးတန်းကို ဖြတ်သန်းဝင်ရောက်ဖို့ အလားအလာ များလာလေဆိုတာ မှတ်ရမှာပါ။

ဘင်္ဂလားပင်လယ်အော်မှာ အပူပိုင်းမုန်တိုင်းဟာ နှစ်စဉ်ဧပြီလမှ ဒီဇင်ဘာလအထိ ဖြစ်တတ်ပါတယ်။ မုတ်သုံမဝင်ရောက်မီ ဧပြီလမှ မေလအထိနဲ့ မုတ်သုံဝင်ရောက်ပြီး အောက်တိုဘာလမှ ဒီဇင်ဘာလ ကာလအတွင်း ပြင်းထန်တဲ့ဆိုင်ကလုန်းမုန်တိုင်းများ ဖြစ်ပွားတတ်ပါတယ်။ ကြားကာလဖြစ်တဲ့ ဇွန်လမှ စက်တင်ဘာလအထိ မုတ်သုံရာသီအတွင်းဖြစ်ပွားတဲ့ အပူပိုင်းမုန်တိုင်းများဟာ အားနည်းပြီး အိန္ဒိယပင်လယ်ကမ်းရိုးတန်းကို ဝင်ရောက်ပြီး နောက်မကြာမီ ပျက်ပြယ်သွားလေ့ရှိပါတယ်။ မုတ်သုံအလွန် တောင်တရုတ်ပင်လယ်ပြင်မှ တိုင်ဖုန်းမုန်တိုင်း အကြွင်းအကျန်များဟာ ဘင်္ဂလားပင်လယ်အော်ကိုရောက်ရှိလာပြီး မုန်တိုင်းများအဖြစ် အားကောင်းလာတတ်ပါသေးတယ်။ ဒါ့ကြောင့် ဘင်္ဂလားပင်လယ်အော်မှာ တစ်နှစ်ကို ဆိုင်ကလုန်းမုန်တိုင်းရာသီနှစ်ကြိမ် ကျရောက်ပါတယ်။ အနောက်တောင်မုတ်သုံလေ မကျရောက်မီ တစ်လခန့်နဲ့ အနောက်တောင်မုတ်သုံဆုတ်ခွာပြီးနောက် မုတ်သုံအလွန် သုံးလခန့် အချိန်တို့ဖြစ်ပါတယ်။ မှတ်တမ်းများအရ ၁၈၈၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း မြန်မာ့ကမ်းရိုးတန်းကို ဝင်ရောက်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်းများအနက် မေလမှာ ၃၀ ရာခိုင်နှုန်း၊ ဧပြီလမှာ ၁၉ ရာခိုင်နှုန်း၊ အောက်တိုဘာလနဲ့ နိုဝင်ဘာလများမှာ ၁၈ ရာခိုင်နှုန်းစီ ရှိခဲ့တာကြောင့် မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနကတော့ မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများသို့ ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်ဖို့ ဖြစ်နိုင်ခြေ အမြင့်မားဆုံးအချိန်ကာလဟာ မေလဖြစ်တယ်လို့ သတ်မှတ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မုန်တိုင်းဖြစ်ပြီဆိုတာနဲ့ အသက်အိုးအိမ်၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ပစ္စည်းဥစ္စာတွေ အနည်းနဲ့အများ ပျက်စီးဆုံးရှုံးမှုတွေရှိတတ်တာမို့ မုတ်သုံအလွန်မှာ ဖြစ်တတ်တဲ့ မုန်တိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုတွေလုပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါမှလည်း မုန်တိုင်းဝင်လာပြီဆိုရင် ဆုံးရှုံးမှုတွေ၊ ပျက်စီးမှုတွေလျော့နည်းသွားမှာပါ။ ၂၀၁၁ ခုနှစ် မုတ်သုံအကြို မေလနဲ့ ဇွန်လများမှာဖြစ်တဲ့ ရာသီဥတုအနေအထားဟာ မိုးများတာကလွဲလို့ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိသလောက် နည်းပါးခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သို့သော်လည်း **မုတ်သုံအလွန်** ကာလဟာ မကြာမီရောက်လာတော့မှာဖြစ်လေတော့ ဖြစ်တတ်တဲ့ ဖြစ်နိုင်ခြေရှိနေတဲ့ မုန်တိုင်းအန္တရာယ်ကို လျှော့တွက်လို့မရပါဘူး။ မြန်မာနိုင်ငံအတွက် ဆိုင်ကလုန်းမုန်တိုင်းကျရောက်တတ်ရာဒေသမှာ အဓိကအပိုင်း သုံးပိုင်းပါဝင်ပြီး အနောက်မြောက်ဘက်မှာ ရခိုင်ကမ်းရိုးတန်း၊ အလယ်ပိုင်းမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်နဲ့ တောင်ပိုင်းမှာ တနင်္သာရီကမ်းရိုးတန်းတို့ ဖြစ်ပါတယ်။ မိုးလေဝသဆိုင်ရာ မှတ်တမ်းများအရ စစ်တွေနဲ့ ကျောက်ဖြူတို့မှာ မုန်တိုင်းဝင်ရောက်ရန် အလားအလာအများဆုံးဖြစ်ပြီး မော်တော်မှာ ဒုတိယအများဆုံးဖြစ်ပါတယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ မုန်တိုင်းဝင်ရောက်မှု အနည်းဆုံးဆိုတာ တွေ့ရပါတယ်။ ဘင်္ဂလားပင်လယ်အော်မှလာတဲ့ ဆိုင်ကလုန်းမုန်တိုင်းများဟာ ၂၀၀၈ ခုနှစ်အထိ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီး တောင်ပိုင်းကမ်းရိုးတန်းကို ဝင်ရောက်ခြင်းမရှိခဲ့ပေမယ့် ဆိုင်ကလုန်းလမ်းကြောင်းများ တောင်ဘက်ကိုပြောင်းရွှေ့ခြင်းကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်၊ မွန်ပြည်နယ်တို့ကို ဖြတ်သန်းတိုက်ခတ်ပြီး နိုင်ငံအတွက် ဆုံးရှုံးမှုပမာဏ အလွန်မှကြီးမားခဲ့တဲ့ နာဂစ်လို ဆိုင်ကလုန်းမုန်တိုင်းမျိုး နောင်မှာ ဖြတ်သန်းဝင်ရောက်ခြင်းမပြုနိုင်ဘူးလို့ တစ်ထစ်ချမဆိုနိုင်ကြောင်း ပညာရှင်များက တွက်ဆထားပါတယ်။ သုတေသနပြုချက်များအရလည်း ၁၉၄၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်ကာလအတွင်း မြန်မာ့ကမ်းရိုးတန်းကို ဆိုင်ကလုန်းမုန်တိုင်း ၃၆ ကြိမ် ဖြတ်သန်းဝင်ရောက်ခဲ့ပြီး သေကျေပျက်စီးမှုအများဆုံးကတော့ ဆိုင်ကလုန်းနာဂစ်ပါ။

ဆိုင်ကလုန်းမုန်တိုင်းနဲ့ ဆက်စပ်ပြီး မုန်တိုင်းဒီရေ၊ လေပြင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း စတဲ့ဘေးအန္တရာယ်သုံးမျိုးတို့ကလည်း မုန်တိုင်းဖြစ်ပေါ်စဉ် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်နိုင်ပါတယ်။ မုန်တိုင်းဒီရေကြောင့် ကမ်းရိုးတန်းဒေသမှာရှိတဲ့ မြေနိမ့်များကို ပင်လယ်ရေလွှမ်းပြီး လူ၊ တိရစ္ဆာန်များ ရေနစ်သေဆုံးနိုင်သလို ကမ်းခြေတွေ၊ တာတမံတွေနဲ့ အပင်တွေပျက်စီးတာ၊ မြေဆီလွှာပျက်စီးတာတွေ ဖြစ်စေပါတယ်။ လေပြင်းတိုက်ခတ်ခြင်းကြောင့် အဆောက်အအုံတွေ ပြိုကျတာ၊ အိမ်များလုံးဝလွင့်ပါသွားတာ၊ လူတွေအသက်ဆုံးရှုံးတာ၊ ပစ္စည်းဥစ္စာတွေပျက်စီးတာ ဖြစ်စေပါတယ်။ အလားတူ ရေလွှမ်းမိုးခြင်းကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ ကာလကြာရှည်ပိတ်ဆို့နေတာ၊ တိရစ္ဆာန် အသေကောင်တွေ၊ ပုပ်နေတဲ့ စားနပ်ရိက္ခာတွေကြောင့် ရေနဲ့ပတ်ဝန်းကျင်ညစ်ညမ်းရာက အစာအိမ်နဲ့ အူလမ်းကြောင်းဆိုင်ရာ ရောဂါများနဲ့ တွေ့ကြုံခံစားရနိုင်ပါတယ်။

ဒါကြောင့် ဆိုင်ကလုန်းရာသီမှာ ရေဒီယို၊ ရုပ်မြင်သံကြားမှ မိုးလေဝသသတင်းများကို နားထောင်ပြီး ဆိုင်ကလုန်းသတိပေးချက် လက်ခံရပြီဆိုတာနဲ့ အားလုံးသိနေအောင် ဆောင်ရွက်ဖို့အရေးကြီးလှပါတယ်။ မိမိတို့နေထိုင်ရာ အဆောက်အအုံ ကြံ့ခိုင်မှုစစ်ဆေးပြီး လိုတဲ့နေရာတွေကို ပြုပြင်ရပါမယ်။ အိမ်ကိုထိခိုက်နိုင်တဲ့ သစ်ပင်သစ်ကိုင်းတွေ ရှင်းလင်းထားရန်လည်း လိုအပ်ပါတယ်။ မိမိတို့အိမ်မှာ အသုံးပြုဖို့ အရေးပေါ်အိတ်တစ်ခုအသင့်ပြင်ထားပြီး အဲ့ဒီအိတ်ကိုထိန်းသိမ်းဖို့ မိသားစုဝင်တစ်ဦးကို သတ်မှတ်တာဝန်ပေးရပါမယ်။ အရေးပေါ်အိတ်ထဲမှာ ရေ၊ ရိက္ခာခြောက်၊ စည်သွတ်ဘူးလို တာရှည်ခံအစားအစာ၊ ပလတ်စတစ်အခင်း စတာတွေ၊ ဓာတ်ခဲသုံးရေဒီယို၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးအိမ်၊ ဆီနဲ့ မီးစာ၊ ရှေးဦးသူနာပြု သေတ္တာ၊ မိသားစုသုံးဆေးဝါးနဲ့ အဝတ်အစား၊ ကြိုး၊ တူ၊ သံ၊ အရေးကြီး စာရွက် စာတမ်းတွေ ပါဝင်ရပါမယ်။ ဒါတွေကတော့ မိသားစုအလိုက် ကြိုတင်ပြင်ဆင်ဖို့ အကြံပြုချက်တွေပါ။

မုန်တိုင်းချဉ်းကပ်လာပြီဆိုရင် သတိပေးချက်များကို အချိန်နဲ့တစ်ပြေးညီသိနေဖို့ ရေဒီယိုနားထောင်၊ ရုပ်မြင်သံကြားကြည့်နေရပါမယ်။ မုန်တိုင်းရဲ့ဦးတည်ရာဘက်၊ အမြန်နှုန်း ဒါမှမဟုတ် ပြင်းထန်မှုဟာအချိန်နဲ့လိုက်ပြီး ပြောင်းလဲနိုင်တာမို့ နောက်ဆုံးသတင်းအချက်အလက်ရဖို့ဆိုတာ ရေဒီယိုကို မပြတ်ဖွင့်ထားဖို့ လိုပါတယ်။ မုန်တိုင်းရောက်လာဖို့ သေချာနေပြီဆိုရင် နေအိမ်အဆောက်အအုံကို လုံခြုံအောင်၊ ခိုင်မြဲအောင်၊ နည်းလမ်းမျိုးစုံနဲ့ ပြင်ဆင်ရပါမယ်။ တန်ဖိုးကြီးပစ္စည်းနဲ့ ဆေး၊ အဝတ်အစားပိုတွေအားလုံး လုံလုံခြုံခြုံထုပ်ပိုးပြီး အရေးပေါ်အိတ်ထဲထည့်ပြီးတာနဲ့ လက်လှမ်းမီတဲ့နေရာမှာ ထားဖို့လိုပါတယ်။ အရေးကြီးတာကတော့ မုန်တိုင်းမကျရောက်မီ အန္တရာယ်ကင်းရှင်းရာကို အချိန်မီရွှေ့ပြောင်းဖို့ပါ။ မြစ်ရေလွှမ်းမယ့်နေရာ၊ မြေနိမ့်ကမ်းခြေများမှာနေရင်တော့ မလွဲမသွေ ရေလွတ်ရာကုန်းမြင့်ခိုလှုံစရာ (ဆိုင်ကလုန်းအကာအကွယ်အဆောက်အအုံ)နဲ့ နေရာများဆီ မပျက်မကွက် အရောက်သွားရပါမယ်။ ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို မက်မောနေတဲ့စိတ်နဲ့ နောက်ဆုံးအချိန်ထိ စောင့်နေရင်တော့ အဲဒီပစ္စည်းတွေနဲ့အတူ အသက်ပါဆုံးရှုံးသွားနိုင်ပါတယ်။ အန္တရာယ်ကင်းတဲ့နေရာကို သွားနိုင်ဖို့လမ်းသိဖို့လိုသလို အချိန်လုံလောက်မှုလည်းရှိရပါမယ်။ အချိန်နည်းနေလို့ ဦးစားပေးသယ်သင့်တဲ့ပစ္စည်းစာရင်းမှာ အရေးပေါ်အိတ်၊ ရေနဲ့ အစားအစာ၊ အရေးကြီးစာရွက်စာတမ်း၊ ပလတ်စတစ်စ၊ စောင်နဲ့ အဝတ်အထည်၊ တန်ဖိုးကြီးပစ္စည်းတို့ ပါဝင်ပါတယ်။ လျှပ်စစ်မီးရှိတဲ့နေရာတွေမှာ နေအိမ်က မထွက်ခွာမီ မီးတွေပိတ်ပြီး မီးဖိုကိုလည်းငြိမ်းရပါမယ်။ အန္တရာယ်ကင်းရာကို သွားတဲ့လမ်းမှာ ရေမှာမျောပါနေတဲ့ တံတားနဲ့ အပျက်အစီးများ(မှန်၊ သွပ်ပြားများ)၊ ပြုတ်ကျနေတဲ့ ဓာတ်ကြိုး၊ ကျိုးကျနေတဲ့သစ်ပင်၊ သစ်ကိုင်း၊ လေမှာလွင့်မျောလာတဲ့ မှန်နဲ့ သွပ်ပြားတွေနဲ့ အန္တရာယ်ကို အထူးသတိပြုရပါမယ်။

မုန်တိုင်းတိုက်နေစဉ်မှာ အဆောက်အအုံရဲ့ ခိုင်ခံ့တဲ့အပိုင်းမှာ ခိုလှုံပြီး မှန်ပြတင်းတံခါးများနဲ့ ဝေးရာမှာ နေရပါမယ်။ အိမ်ရဲ့လေကာဘက်ခြမ်းမှာ ရှိနေတဲ့ ပြတင်းပေါက်ကို ဖွင့်ထားဖို့လိုပါတယ်။ မုန်တိုင်းဗဟိုချက်ဟာ လေငြိမ်တဲ့ မုန်တိုင်းမျက်စိဖြစ်လို့ တစ်နာရီခန့်လေငြိမ်သွားချိန်မှာ အပြင်ကိုမထွက်လိုက်ပါနဲ့ဦး။ နောက်ထပ်အလွန်မြန်၊ အလွန်ပြင်းထန်ပြီး လေသံကျယ်ကျယ်နဲ့ ဦးတည်ရာအသစ်တိုက်တဲ့ မုန်တိုင်းလာနိုင်ပါတယ်။ မုန်တိုင်းအနည်းငယ် လျော့ပါးတယ်ဆိုပြီး အိမ်ပြင်ထွက်ဖို့၊ ကမ်းခြေသွားဖို့ လုံးဝမသင့်သေးပါဘူး။ မုန်တိုင်းဒီရေဆိုတာ နောက်ဆက်တွဲပါလာနိုင်တာကြောင့်ပါ။

တာဝန်ရှိသူတွေရဲ့ မုန်တိုင်းဆိုင်ရာအသိပေးချက်တွေ၊ ရေဒီယိုက အကြံပြုချက်တွေကို နားထောင်၊ အန္တရာယ်ကင်းရှင်းပြီလို့ ထုတ်ပြန်ချက်မထွက်မချင်း နေအိမ်ကို ပြန်ဖို့မသင့်သေးပါဘူး။ တရားဝင်အသိပေးကြေညာချက်အရ အိမ်ပြန်ဖို့သင့်တော်တဲ့ အချိန်ရောက်လို့ နေအိမ်ကို ပြန်မယ်ဆိုရင်တောင်မှ မိမိအတွက် အန္တရာယ်ကင်းတဲ့ လမ်းကြောင်းက ဖြည်းဖြည်းချင်း ပြန်တဲ့အခါ ပြတ်ကျနေတဲ့ ဓာတ်အားလိုင်းတွေ၊ ပျက်စီးနေတဲ့ တံတားတွေ၊ အဆောက်အအုံတွေ၊ သစ်ပင်တွေကို သတိပြုပြီး အဲဒီလမ်းပေါ်မှာ ရေလျှံနေရင်တောင် ရေထဲကို ဖြတ်မကူးသင့်ပါဘူး။ တာဝန်ရှိသူတွေနဲ့ ရေဒီယို၊ ရုပ်မြင်သံကြားသတင်း မီဒီယာတွေက ထုတ်ပြန်တဲ့ သတင်းများအတိုင်း လိုက်နာဖို့ အရေးကြီးလှပါတယ်။ မုန်တိုင်းကာလအတွင်း ကောလာဟလသတင်းများကို နားမထောင်၊ နားမယောင်မိဖို့လည်း လိုပါတယ်။

ဒီအချက်တွေဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ အစီအစဉ်နဲ့ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းတွေဆီက အကြံဉာဏ်တွေရယူပြီး ပြုစုထားတဲ့ ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ် လက်စွဲစာစောင်ထဲက ပြည်သူတွေသိရှိစေဖို့ ကောက်နုတ်ချက်တွေဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်မဖြစ်ပွားအောင် တားဆီးလို့ မရနိုင်ပေမယ့် မှန်ကန်ကောင်းမွန်တဲ့ ဘေးအန္တရာယ်ကျရောက်မှု လျှော့ချရေးအစီအမံတွေကို ကြိုတင်လုပ်ထားမယ်ဆိုရင် ထိခိုက်မှု၊ ပျက်စီးဆုံးရှုံးမှုတွေဟာ သိသိသာသာ လျော့နည်းစေပါတယ်။ **သဘာဝဘေးရန်တွေကို ဘေးအန္တရာယ်အဖြစ် ပြောင်းလဲမသွားစေဖို့** တားဆီးရမယ့်တာဝန်က နိုင်ငံတော်အစိုးရနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ တာဝန်ပါ။

နိုင်ငံတော်အစိုးရအနေနဲ့ ပြီးခဲ့တဲ့ မုန်တိုင်းဖြစ်စဉ်များကရရှိတဲ့ သင်ခန်းစာတွေအပေါ်အခြေခံပြီး ဆိုင်ကလုန်းဒဏ်ခံ အဆောက်အအုံတွေ ဆောက်လုပ်ပေးတာ၊ မုန်တိုင်းဖြစ်နိုင်ခြေရှိတဲ့ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုတွေ ကောင်းအောင်လုပ်ပြီး နောင်မှာ မုန်တိုင်းမကျရောက်မီ ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရုံသာမက လူနေထိုင်ရာ နေရာအနီးမှာရှိတဲ့ လမ်းတွေကို ရေလွတ်အသက်ကယ်ကုန်းမြင့်အဖြစ် ဆောက်လုပ်ပေးထားတာ၊ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းတွေကို ရပ်ရွာအဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးနေတာ၊ မုန်တိုင်းဖြစ်ပွားလာခဲ့ရင် အရေးပေါ်ကူညီကယ်ဆယ်နိုင်အောင် ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ ယာဉ်တွေဖွဲ့စည်းထားတာ၊ ဘေးဒုက္ခကျရောက်သူတွေကို လတ်တလောစားဝတ်နေရေးထောက်ပံ့နိုင်ဖို့ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါး၊ ယာယီတဲ စတာတွေကို ကြိုတင်စုဆောင်းတာ စသည်ဖြင့် အဘက်ဘက်က ဘက်စုံအသင့်ပြင်ထားပြီးသားပါ။ ရေရှည်မှာ သဘာဝဘေးတွေကို လျှော့ချနိုင်မယ့် နိုင်ငံတော်အဆင့်စီမံချက်ကြီးတွေလည်း ရေးဆွဲအကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကတော့ ပြည်သူတစ်ရပ်လုံးအတွက် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုတွေ လျော့နည်းသက်သာအောင် ကမ္ဘာ့မိုးလေဝသနဲ့ မြန်မာနိုင်ငံ မိုးလေဝသအခြေအနေတွေကို မျက်ခြည်မပြတ် စောင့်ကြည့်သုံးသပ်ပြီး အခါအားလျော်စွာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့တွေရဲ့ အကူအညီနဲ့ လိုအပ်တဲ့ အကြံပြုချက်တွေ ပြည်သူတွေဆီအရောက် ပေးပို့နေတာမို့ ပြည်သူတွေက အလေးထားလိုက်နာကြဖို့ အရေးကြီးလှပါတယ်။

ဒါမှလည်း နိုင်ငံတော်အစိုးရနဲ့ ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီ အတူတကွပူးပေါင်းလက်တွဲမှုနဲ့ သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားနိုင်ပြီး ပိုမိုဘေးကင်းလုံခြုံတဲ့ နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်နိုင်မှာ ဖြစ်ပါကြောင်း။ ။

◆ **ရှေ့ဖုံးမှ**

တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာလည်း တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာ၌ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နှစ်နိုင်ငံလွှတ်တော်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပနေမှုကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက်ညနေပိုင်းက ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ကော်မတီဝင်များအား လွှတ်တော်ရေးရာကော်မတီ ဧည့်ခန်းဆောင်၌ တွေ့ဆုံ၍ နှစ်နိုင်ငံလွှတ်တော်များ၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌက အဆိုပါကိုယ်စားလှယ်အဖွဲ့အား သင်္ဂဟဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

✱ **ရှေ့ဖုံးမှ**

အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဂျပန်အောက်လွှတ်တော်အမတ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပနေမှုကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ကမ္ဘာ့လက်ဝှေ့အထူးအစည်းအဝေးတက်ရန် ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင် (အာရှလက်ဝှေ့အဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်) **(အပေါ်ပုံ)**သည် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အထူးအစည်းအဝေးသို့ တက်ရောက်ရန် အဇာဘိုင်ဂျန်နိုင်ငံသို့ စက်တင်ဘာ ၂၂ ရက် ညက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

အထွေထွေအတွင်းရေးမှူးသည် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့တွင် ကျင်းပသည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အထူးအစည်းအဝေးသို့ တက်ရောက်ပြီး ၎င်းနိုင်ငံ၌ ကျင်းပနေသည့် ကမ္ဘာ့အဆင့်ပြိုင်ပွဲ မြန်မာလက်ဝှေ့အားကစားသမားနှစ်ဦးအား သွားရောက်အားပေးမည်ဖြစ်သည်။

တက်ရောက်

ထို့နောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်နိုင်ရေးအတွက် ကာဇက်စတန်နိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့် ပူးတွဲလေ့ကျင့်ကြမည့် မြန်မာ့လက်ရွေးစင်လက်ဝှေ့အားကစားသမားများအတွက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန်နှင့် ၎င်းနိုင်ငံ အယ်မာတီမြို့တွင်ပြုလုပ်မည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်ကော်မတီများ၏ လက်ဝှေ့အားကစား တိုးတက်မြင့်မားရေးဆွေးနွေးပွဲသို့တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ (ဝ၄၂)

မကွေးတိုင်းဒေသကြီး (၅)ခရိုင် ကျောင်းသားအားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမည့် မကွေးတိုင်းဒေသကြီး(၅)ခရိုင် ကျောင်းသားအားကစားပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ခရိုင်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် U-၁၃ နှင့် U-၁၆ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ရန်ကင်းမြို့နယ်၌ ပိုစတာစိုက်ထူ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်အတွင်း၌ အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူခြင်းအခမ်းအနားကို ဩဂုတ် ၈ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရန်ကင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းနှင့် ဝန်ထမ်းများက ရန်ကင်းစင်တာရှေ့လမ်းဆုံ၌ လည်းကောင်း၊ (၁၂)လုံးတန်း မီးပွိုင့်လမ်းဆုံ၌လည်းကောင်း၊ ကံဘဲ့ဘူတာရုံလမ်းထောင့်၌ လည်းကောင်း၊ ကျောက်ကုန်းနှင့် အောင်ဇေယျလမ်းဆုံတို့၌လည်းကောင်း စုပေါင်းစိုက်ထူခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့အစည်းအဝေး၌ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အထောက်အထားမဲ့ မဖြစ်စေရေး၊ ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ စိတ်ချလက်ချ လွယ်ကူအဆင်ပြေစွာ အလုပ်လုပ်ကိုင်နိုင်ကြစေရေးတို့အတွက်လည်းကောင်း၊ အလုပ်သမား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးရေးကိစ္စတွင် ဝန်ကြီးဌာနများက မည်ကဲ့သို့ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သည်ကိုလည်းကောင်း ဖြစ်မြောက်နိုင်စွမ်းရှိသော အလားအလာများနှင့် အကြံဉာဏ်များကို ဆွေးနွေးကြရန်ဖြစ်ကြောင်းဖြင့် စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က ဆွေးနွေးပြောကြားသည်။

ပြုပြင်ဆောင်ရွက်

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားဦးရေ၊ လုပ်ကိုင်နေသည့်အလုပ် အမျိုးအစား၊ လုပ်ငန်းဌာနများစာရင်း စသည်တို့ကို တိတိကျကျ သိရှိနိုင်ရေး စစ်တမ်းကောက်ယူနိုင်ရန်အတွက် ထိုင်းနိုင်ငံဘက်မှ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ အထောက်အထားပြည့်စုံသော လုပ်သားများဖြစ်လာရေး ဆောင်ရွက်နေစဉ်မှာလည်း အခြားလိုအပ်သည်များကို တစ်ချိန်တည်းတစ်ပြိုင်တည်း သုံးသပ်၍ ပြုပြင်ဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆွေးနွေး

ယင်းနောက် ကော်မတီဝင်များက ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား အကာအကွယ်ပေးရေး ကိစ္စရပ်များကို နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်၊ သတင်းအချက်အလက်များရယူစုဆောင်းရာတွင် အိုင်တီစနစ်ကျင့်သုံးရန်၊ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် Online စနစ် အသုံးပြုရန်၊ လုပ်ငန်းကော်မတီ(၃)ရပ် ဖွဲ့စည်းထားရာတွင် ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပီပီပြင်ပြင် တာဝန်ယူဆောင်ရွက်ရေး အလုပ်သမားအရာရှိတစ်ဦး မြန်မာသံရုံးတွင် တွဲဖက် ပေးရန်နှင့် အခက်အခဲကြုံတွေ့နေရသော ရွှေ့ပြောင်းအလုပ်သမားများအား အကူအညီပေးရေးကို ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာသံရုံး၏ စွမ်းဆောင်နိုင်မှုကို အထောက်အကူပြုနိုင်ရန်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဗီယက်နမ်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Dong A Shipbuilding Industry JSC, Chairman Mr. Ngo The Cu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဗီယက်နမ်နိုင်ငံ Dong A Shipbuilding Industry JSC ၏ Harbour Craft နှင့် River Craft တည်ဆောက်ရေး လုပ်ငန်းများအား မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Dong A Shipbuilding Industry JSC, Chairman Mr. Ngo The Cu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် ယန်ကျိုးမြို့၌ စက်တင်ဘာ ၂၅ ရက် မှ ၂၇ ရက်အထိကျင်းပမည့် 2011 China Yangzhou World Canalcities Expo & First Global Design Cities Conference သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + အင်္ဂုလိမာလသုတ် ဇောဇျင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **အပေးအယူ** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၆)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၈)
၈:၅၀ ဝိပဿနာအားထုတ်ရာ အောင်စကြာဓမ္မရိပ်သာ
၉:၀၅ Activities in the City (အောင်ဇောမိဆုတောင်းပြည့် စေတီတော်မြတ်ကြီး အသံမစဲ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ)
၉:၁၅ စာရင်းကိုင်များအတွက် အသေးစား၊ အလတ်စား လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ
၉:၃၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀ ပျော်ရွှင်ဆင်ယင်နွှဲ တောင်ကြီးတက္ကသိုလ်ရဲ့ နှစ် (၅၀) ပြည့်ရွှေရတုပွဲ
၁၀:၂၀ Activities in the City (Fx Fitness Express) ဖွင့်လှစ်ခြင်း
၁၀:၃၀ သွားမယ်စားမယ် (Park Royal)
၁၀:၅၅ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း မန္တလေးရုံးခွဲမှကြီးမှူးကျင်းပသော ဒုတိယအကြိမ် လက်ဝတ်ရတနာ လက်ရာအလှပြိုင်ပွဲ
၁၁:၁၀ ဟိုတယ်လမ်းညွှန် (Nature Land Hotel)
၁၂:၀၅ အရဏ်ဦးမှ အလှဆင်စရာ ခန်းဆီးလိုက်ကာများ
၁၂:၂၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ အိတုန့် အိတုန့် မုန့်လုပ်နည်း
၁၂:၃၅ ဈာန်ကြွနေသည့်အလား ရှင်တော်မြတ်အား ပူဇော်ပါ၏ ဘုရား
၁:၀၀ **အပေးအယူ** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ VJ Choice
၃:၀၅ ရန်ကုန်မြင်ကွင်းကျယ် 1[st] MFDG Fashion Phenomenon (စာနယ်ဇင်းရှင်းလင်းပွဲ)
၃:၂၀ Kid's Show
၃:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၈)
၄:၅၀ Yadanarpon DIAMOND PLAZA
၅:၁၅ Activities in the City မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားများ(BST) သင်တန်းဖွင့်ပွဲ
၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
၆:၀၀ MRTV-4 သတင်း
၆:၂၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ရုပ်ရှင်သို့ ဝင်လာသော ကာယဗလမောင်များ) (အပိုင်း -၁)
၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၁၃၇)
၇:၃၀ Fashion Week (ဒီဇိုင်နာဥမ္မာကျော်) (အပိုင်း -၂)
၇:၄၅ ပရီမီယာလိဂ်ရင်ခုန်သံ
၈:၀၀ MRTV-4 သတင်း
၈:၂၅ Barclays Premier League Liverpool Vs Wolves
၁၀:၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်မင်းဦးနှင့် တွေ့ဆုံခြင်း)
၁၀:၅၅ **Barclays Premier League Stoke Vs Man U**
၁:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း -၇၉)
၁:၅၀ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)]
၂:၀၅ World of Knowledge (Inside The World's Biggest Cruise Ship)
၂:၅၀ ဝင့်ကြွားအားမာန် ကတိုက်တမံ
၂:၅၅ နပျိုလန်းဆန်းကျန်းမာဖို့ SG 2000 Ultrasonic Bubble Message Bath
၃:၂၀ ပကတိအတိုင်း
၃:၄၅ ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
၄:၁၀ ချောက်မြို့နှင့် (၄)မိုင်အကွာ
၄:၂၅ ပန်းပျိုးလက်ဖြင့် ပန်းမျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ...
၄:၄၀ မြို့အလှဂုဏ်ကြွယ်... ရိုးရာစားဖွယ်
၄:၅၀ ပူဇော်လှူဒါန်းကြာသက်နှင်း
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Manchester City -Everton	(ESPN)
၈:၂၅	Chelsea -Swansea	(ESPN)
၈:၂၅	Liverpool -Wolves	(Star Sports)
၁၀:၅၅	Stoke -Man -U	(ESPN)

မြောက်ပိုင်းဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ၊ ဩရိဿကမ်းခြေမြောက်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများရှိသည်ဟူသောစွပ်စွဲချက် မှန်ကန်မှုမရှိ
မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကိုလိုလားပြီး နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံဖြစ်လာရန် ရည်ရွယ်ချက်မရှိ

ပြန်လည်ဖြေကြား

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

ညွှန်ကြားချက်များကို ဝန်ကြီးဌာနက စနစ်တကျသတ်မှတ်ထုတ်ပြန်ထားရှိပြီး သတ်မှတ်ချက် အချို့ကိုဖော်ပြရလျှင် "မှတ်ပုံတင်သူ၏လူမျိုးကို အတိအကျရေးသားဖော်ပြရမည်။ ကပြားဖြစ်ပါက ၎င်း၏ ဖခင်လူမျိုးကိုရှေ့မှထား၍ မိခင်လူမျိုးအမည်ကို နောက်မှထားပြီး ယှဉ်တွဲဖော်ပြရမည်။ ဖခင်နှင့်မိခင်ပါ ကပြားများဖြစ်ပါက ထိုနည်းတူပင်ရေးသားရမည်။ တိကျကွဲပြားစွာဖော်ပြရန် ခက်ခဲသောသူတို့၏ လူမျိုးအမည်အတွက် ဖခင်၏လူမျိုးအမည်ကို ရေးသားရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ယူရန် လျှောက်ထားသူများ၏ တရားဝင်ပြောဆိုချက်ကိုသာ မှတ်တမ်းတင်ရေးသားရမည်" ဟုပါရှိပါကြောင်း။

သို့ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား၌ လူမျိုးအမည်ရေးသွင်းခြင်းသည် ရေးသွင်းသူက မိမိသဘောဖြင့် စတင်ရေးသား၍ ရနိုင်ခြင်းမျိုးမဟုတ်ဘဲ ကာယကံရှင်၏တရားဝင်ပြောကြားချက်ကိုသာ ရှေ့နောက်ညီညွတ် မှန်ကန်မည်ဆိုလျှင် ရေးသွင်းသူက ရေးသွင်းပေးရခြင်းဖြစ်သဖြင့် ကာယကံရှင်ဘက်က ရေးသွင်းခံရပါသည်ဟု ပြောဆိုရမည်ထက် ရေးသွင်းပေးရသူတို့က ကာယကံရှင်တို့၏ ပြောဆိုချက်အတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးသွင်းပေးရခြင်းသာဖြစ်သည်ဟု ပြောဆိုရမည်ဖြစ်ပါကြောင်း။

အိမ်ထောင်စုဝင် လူဦးရေစာရင်း ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံသားလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ သန်းခေါင်စာရင်း စစ်တမ်းကောက်ယူရာတွင်လည်းကောင်း ကာယကံရှင်များကိုယ်တိုင်က ၎င်းတို့၏မျိုးနွယ်ခွဲအမည်ကိုသာ ဖော်ပြရေးသားရန်တောင်းဆိုပါက တိုင်းရင်းသားလူမျိုး၊ မျိုးနွယ်ခွဲစာရင်းတွင် အမှန်တကယ်ပါဝင်မည်ဆိုလျှင် ယင်းတို့ဆန္ဒနှင့်အညီပြောကြားသည့် လူမျိုးအမည်ကို ရေးသွင်းဆောင်ရွက်ပေးကြရပါကြောင်း၊ မျိုးနွယ်စုတူညီသည့် တိုင်းရင်းသားများအားလုံးအား မျိုးနွယ်စုငယ်အမည်များ ခွဲခြားရေးသားခြင်းအစား မျိုးနွယ်စုရင်း အမည်ကိုသာရေးသွင်းရန် သတ်မှတ်ဆောင်ရွက်ပေးရာတွင် ကာယကံရှင်တစ်ဦးချင်း၏ ဆန္ဒနှင့် သဘောတူညီမှုများပါ လိုအပ်မည်ဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းအရ မိမိဝန်ထမ်းများ၏ရေးသွင်းချက်သည် မိမိသဘောဆန္ဒအလျောက် ရေးသွင်း၍ရခြင်းမျိုးမဟုတ်ဘဲ ကာယကံရှင်၏ ပြောဆိုချက်အရသာ ရေးသွင်းရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာကာယကံရှင်အားလုံး၏ ဆန္ဒနှင့်သဘောတူညီချက်ရရှိမှသာ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်မျိုးသာဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

သန်လျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ညောင်ရွှေ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဆွေးနွေးစဉ်။ (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက သိပ္ပံနှင့်နည်းပညာကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုကိုမေးမြန်းခဲ့ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပြန်လည်ဖြေကြားသည်။

သုတေသနပြုဆောင်ရွက်

အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့်၏ **သိပ္ပံနှင့်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အဆင့် စီမံကိန်းများအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မိမိနိုင်ငံတွင် နျူကလီးယားစွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် နျူကလီးယားပိုင်ဆိုင်သည့် အခြားနိုင်ငံတစ်နိုင်ငံ၏ အကူအညီ ရယူဆောင်ရွက်လျက်ရှိကြောင်း စွပ်စွဲပြောဆိုမှုအချို့ကို ကြားသိရပါသဖြင့် ၎င်းကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သုတေသနရလဒ်များအနေဖြင့် မြေဆီလွှာပျက်စီးခြင်းကို ကာကွယ်ပေးခြင်းနှင့် ပျက်စီးနေသော မြေလွှာများကို ပြုပြင်ပေးခြင်းနည်းပညာများကို ဖော်ထုတ်နိုင်ခဲ့သည့်အပြင် ဓာတုဓာတ်ကြွင်းမြေဩဇာနှင့် ပိုးသတ်ဆေးများမကျန်နိုင်သော Organic Farming အတွက် အသုံးကျသည့် ဇီဝမြေဩဇာအမျိုးမျိုး၊ အော်ဂဲနစ်အပင်အကျိုးပြုအားဖြည့်ဆေးရည်များနှင့် ဇီဝပိုးနှင်ဆေးများကို ချိုသာသောဈေးနှုန်းဖြင့် တောင်သူများထံ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါကြောင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အဆင့်မြင့်မားရေးတွင်အဓိကကျသော Computerized Numerical Control (CNC) စက်များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ သုတေသနလုပ်ငန်းမှ 2-Axis CNC Lathe Machine ၏ အဓိကစက်အစိတ်အပိုင်း (၆)ခုနှင့် 3-Axis CNC Milling Machine ၏ အဓိကစက်အစိတ်အပိုင်း(၅)ခုကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် Conventional Lathe Machine များအား CNC Lathe Machine များအဖြစ်သို့ ပြောင်းလဲထုတ်လုပ်ရာတွင် လိုအပ်သည့် Control System များကို သုတေသနပြုလုပ်၍ စမ်းသပ်ထုတ်လုပ်ခဲ့ရာ ယခုအခါ 2-Axis CNC Lathe Machine နှင့် 3-Axis CNC Milling Machine တို့တွင် တပ်ဆင်အသုံးပြုနိုင်သည့် PC Based Control System များကိုလည်း အောင်မြင်စွာ သုတေသနပြုဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။**

အင်ဂျင်ထုတ်လုပ်ရေး သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ရာ မြင်းကောင်ရေ (၂၂) ကောင်မှ (၃၆၀)အထိရှိသည့် မော်တော်ယာဉ်အင်ဂျင်(၅)မျိုး၊ မီးရထားအင်ဂျင်ဟက်(၁)မျိုးနှင့် လယ်ယာလုပ်ငန်းသုံး ဒီဇယ်အင်ဂျင်(၁)မျိုး စုစုပေါင်း အင်ဂျင်(၇)မျိုးနှင့်ပတ်သက်သည့် အဓိကအစိတ်အပိုင်းကြီးများကို စမ်းသပ်သုတေသနပြုထုတ်လုပ်ပြီး သက်ဆိုင်ရာမော်တော်ယာဉ်အမျိုးအစားများတွင် တပ်ဆင်စမ်းသပ်ပြီးဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးတွင် အရေးပါသည့် (၆)မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်အတွက် Inlet Diameter 860 mm နှင့် Outlet Diameter 915mm ရှိပြီး Blade(၁၇)ခု ပါရှိသည့် Francis Turbine Runner အား သုတေသနပြု စမ်းသပ်တည်ဆောက်ခဲ့ပြီး စမ်းသပ်အသုံးပြုလျက်ရှိပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်ကြသည့် နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် ယခင်က ပြည်ပမှမှာယူနေရသည့် Charge Controller for Solar Panel နှင့် Charge Controller for Wind Turbine များအား ယခုအချိန်တွင် ပြည်တွင်း၌ ထုတ်လုပ်အသုံးပြုနိုင်သည့်အဆင့်ထိ သုတေသနပြုလုပ်ထားပြီးဖြစ်ပါကြောင်း။

လေအားလျှပ်စစ်ထုတ်စက်များတွင် အသုံးပြုသည့် စွမ်းအားမြင့်သံလိုက်များ ထုတ်လုပ်နိုင်ရေးအတွက် နီယိုဒီနီယမ်(Nd)သတ္တုများ စမ်းသပ်ထုတ်လုပ်ခြင်း၊ Solar Panel များ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ရေးအတွက် Metallurgical Grade Silicon ထုတ်လုပ်ခြင်းစသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် Fiber Glass များအသုံးပြု၍ လေဒလက်စမ်းသပ်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် ဘက်စုံအသုံးပြုနိုင်သည့် မောင်းသူမဲ့လေယာဉ်များကို သုတေသနပြု တည်ဆောက်ခဲ့ပြီး စမ်းသပ်ပျံသန်းမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်ပြီး လေယာဉ်များကိုလည်း အလိုအလျောက်ပျံသန်းမှုစနစ်ဖြင့် ပျံသန်းနိုင်ရေးအတွက် လိုအပ်သည့်ထိန်းချုပ်မှုစနစ်များကိုလည်း သုတေသနပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် မြင်းကောင်ရေ(၂၅၀)မှ (၈၀၀)အထိ စွမ်းအားရှိသည့် အင်ဂျင်များထုတ်လုပ်ခြင်းလုပ်ငန်း၊ မြင်းကောင်ရေ(၂၂၀၀)မှ (၂၇၀၀)အထိ စွမ်းအားရှိသော အကြီးစားဒီဇယ်အင်ဂျင် ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကုန်တန်ချိန်(၁၀)တန် မှ တန်(၂၀)အထိ သယ်ဆောင်နိုင်သော ဝန်တင်ယာဉ်များထုတ်လုပ်ခြင်းလုပ်ငန်း၊ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်သော City Bus များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ Heavy Duty Truck, Light Truck နှင့် Pick-up ယာဉ်များ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အဆိုပါယာဉ်များအတွက် အစိတ်အပိုင်းကြီးများ ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံချက်များရေးဆွဲ

အလားတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန အစရှိသည့် ဝန်ကြီးဌာနများကလည်း နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နှစ်တိုနှစ်ရှည်စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိကြပါကြောင်း။

နျူကလီးယားစွမ်းအင်ထုတ်လုပ်နိုင်ရန်အတွက် နျူကလီးယားပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံ၏ အကူအညီရယူဆောင်ရွက်နေကြောင်း စွပ်စွဲပြောဆိုမှုများနှင့်စပ်လျဉ်း၍ ဖြေကြားရမည်ဆိုလျှင် နိုင်ငံတိုင်းသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်များနှင့်ငြိမ်းချမ်းစွာ အသုံးပြုနိုင်သော အခွင့်အရေးရှိသည်ဆိုသည့်အချက်ကို မြန်မာနိုင်ငံကအစဉ်တစိုက် ထောက်ခံခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်မပြန့်ပွားရေးကို ထောက်ခံသည့်တစ်ချိန်တည်းမှာပင် နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်ကို နိုင်ငံရေးအရအသုံးမပြုရန်နှင့် ယင်းစာချုပ်ကို အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ခွဲခြားဆက်ဆံမှုမပြုရေးတို့ကို ထောက်ခံသည့်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူလက်တွဲလျက် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် အစဉ်တစိုက်ပါဝင်ဆောင်ရွက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ထိပါးစေမည့် လုပ်ဆောင်မှုမျိုးအား မည်သည့်အချိန်ကမျှ လုပ်ဆောင်ခဲ့သည့်နိုင်ငံမဟုတ်သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်ထုတ်လုပ်ရန် အခြေခံအဆောက်အအုံနှင့် နည်းပညာအရလည်းကောင်း၊ ငွေကြေးအရင်းအမြစ်အရလည်းကောင်း လုံလောက်မှုမရှိသော ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုသာဖြစ်သည့်အတွက် နျူကလီးယားလက်နက် ထုတ်လုပ်နိုင်မည့်အခြေအနေမရှိသည်ကိုလည်း ကျွမ်းကျင်သူများက သုံးသပ်သိရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက် ပိုင်ဆိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများရှိသည်ဟူသော စွပ်စွဲချက်များသည် မှန်ကန်မှုမရှိသည့်အပြင် နျူကလီးယားလက်နက်ပိုင်ဆိုင်ရန်အတွက် ကြိုးပမ်းမှုများအလျှင်းမရှိပါကြောင်းနှင့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကိုလိုလားပြီး နျူကလီးယားလက်နက် ပိုင်ဆိုင်သည့်နိုင်ငံဖြစ်လာရန် ရည်ရွယ်ချက်မရှိကြောင်းကိုလည်း နိုင်ငံတကာသို့ ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါကြောင်းဖြင့်ဖြေကြားသည်။

ညှိနှိုင်းဆောင်ရွက်

သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး၏ **မြန်မာနိုင်ငံတွင် လက်ရှိတက္ကသိုလ်ကျောင်းများထဲမှ သင့်တော်သောတက္ကသိုလ်ကို သုတေသနသိပ္ပံကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများအား သုတေသနဌာနများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည့်အပြင် သင်ကြားရေးနှင့်သုတေသနလုပ်ငန်းများ တွဲဖက်ဆောင်ရွက်သော သုတေသနအခြေပြုတက္ကသိုလ်(Research University)များအဖြစ် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့်မန္တလေးကွန်ပျူတာတက္ကသိုလ်တို့တွင် စီမံချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာတွင်ပြောင်းလဲတိုးတက်နေသော ခေတ်မီနည်းပညာရပ်များအား မျက်ခြည်မပြတ် လေ့လာသင်ယူနိုင်စေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်တွင် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ကို သုတေသနအခြေပြုတက္ကသိုလ်တစ်ခုအဖြစ် ၂၀၁၀ ပြည့်နှစ်တွင် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတကာနည်းပညာကုမ္ပဏီများ၊ တက္ကသိုလ်များနှင့် ပူးပေါင်း၍ သင်ကြားရေးနှင့်သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့အချိန်အထိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်တွင် သုတေသနအခြေပြုတက္ကသိုလ် (၆)ခုဖွင့်လှစ်နိုင်ခဲ့ပြီး အဆိုပါသုတေသနအခြေပြုတက္ကသိုလ်များအပါအဝင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် သုတေသနဌာနများတွင် ရုရှားနိုင်ငံမှ ပါရဂူဘွဲ့ရရှိသူ (၂၅)ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပါရဂူဘွဲ့ရရှိသူ(၁၉)ဦး၊ စင်ကာပူနိုင်ငံမှ ပါရဂူဘွဲ့ရရှိသူ(၈)ဦး၊ ဂျပန်နိုင်ငံမှ ပါရဂူဘွဲ့ရရှိသူ(၇)ဦး၊ အိန္ဒိယနိုင်ငံမှ ပါရဂူဘွဲ့ရရှိသူ(၁)ဦး၊ မလေးရှားနိုင်ငံမှ ပါရဂူဘွဲ့ရရှိသူ (၁)ဦး၊ ဂျာမနီနိုင်ငံမှ ပါရဂူဘွဲ့ရရှိသူ(၂)ဦး စုစုပေါင်းနိုင်ငံခြားပြန်ပါရဂူဘွဲ့ရ(၆၃)ဦးတို့ကဦးဆောင်၍ ပြည်တွင်းမှ မဟာဘွဲ့နှင့်ပါရဂူဘွဲ့ရ ဆရာ/ဆရာမများဖြင့် သင်ကြားရေးနှင့်သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ အကျိုးပြုသုတေသနလုပ်ငန်းများအား စီမံချက်များချမှတ်၍ အဆင့်အလိုက် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယခုမေးမြန်းထားသော မေးခွန်းနှင့်ပတ်သက်သည့်ကိစ္စသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဆောင်ရွက်ထားပြီးဖြစ်သည့်ကိစ္စဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆက်သွယ်ရေးကဏ္ဍဆိုင်ရာမေးခွန်း(၄)ခုကို မေးမြန်းခဲ့ရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၏ **နိုင်ငံတော်၏လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးရေးတွင်လည်းကောင်း၊ နယ်မြေဒေသတစ်ခုချင်းအလိုက် အတူတကွကြီးပွားတိုးတက်မှုရရှိရေးတွင်လည်းကောင်း သတင်းဆက်သွယ်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ သတင်းဆက်သွယ်မှုနည်းပညာနှင့်စပ်လျဉ်းသော နိုင်ငံတော်အဆင့်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကာလများကတည်းက စီမံကိန်းများချမှတ်၍ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် ထင်သာမြင်သာရှိသည့်စီမံကိန်းမှာ National ICT Master Plan 2010ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းကို မြန်မာနိုင်ငံအစိုးရနှင့် ကိုရီးယားနိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ICT Master Plan တွင် ICT ကွန်ရက်တည်ဆောက်ခြင်း၊ ICT Industry၊ ICT Human Resources Development၊ e-Government၊ e-Commerce၊ e-Education၊ Legal Framework၊ ICT Standardization စသည်တို့ပါဝင်ခဲ့ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများအနက် ICT Infrastructure ကွန်ရက်တည်ဆောက်ခြင်းအပိုင်းကို ရရှိသည့်ဘဏ္ဍာငွေ၊ ရရှိသည့်အချိန်ဖြင့် ကျေနပ်ဖွယ်အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးနီးပါး Fiber Optic Cable ခင်းခြင်း၊ Microwave ဆက်ကြောင်းများတည်ဆောက်ခြင်း၊ ၎င်းတို့လက်လှမ်းမမီသည့်ဒေသများတွင် ဂြိုဟ်တုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထပ်မံရေးဆွဲ

ICT Industry နှင့် ICT လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့တွင် သင့်တင့်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ဥပမာအားဖြင့် ရန်ကုန်မြို့တွင် Myanmar Info-Tech,

စာမျက်နှာ ၇ ကော်လံ ၁ သို့

24-9 (06).pmd 1 9/24/2011, 2:24 AM

စာမျက်နှာ ၆ မှ

Teleport စသည့် ICT Industry လုပ်ငန်းများကို ဆောင်ရွက်သည့်နေရာများ ထွက်ပေါ်လာခဲ့ပြီး ၄င်းမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်းများဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ e-Government ၊ e-Commerce ၊ e-Education ကဏ္ဍပိုင်းတွင် ထိရောက်အောင်မြင်မှု နည်းပါးခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ e-Government သည် နည်းပညာသစ်ဖြစ်သည့် ICT ကို အသုံးပြုထားပြီး ခေတ်မီနည်းပညာဖြစ်ရာ နည်းပညာအဟောင်း ခေတ်နောက်ကျနေသောနည်းပညာကိုသာ တတ်မြောက်ကျွမ်းကျင်ကြသူတို့က e-Government နည်းပညာသစ်ကြောင့် ၄င်းတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ လျော့သွား၊ ပျောက်သွားမည်ကိုစိုးရိမ်ပြီး ဆောင်ရွက်လိုစိတ် အားနည်းမှုကြောင့် ဖြစ်ပါကြောင်း၊ e-Government စနစ်သည် စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် ICT Master Plan 2011- 2015 ကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပုဂ္ဂလိကကဏ္ဍမှ ပညာရှင်များ၊ ကိုရီးယားနိုင်ငံမှ ပညာရှင်များနှင့်ပူးပေါင်း၍ ၁၈-၇-၂၀၁၁ ရက်တွင် ထပ်မံရေးဆွဲ လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

စတင်ဆွေးနွေး

ဥပဒေပိုင်းနှင့်ပတ်သက်၍ ခေတ်မမီတော့သော Telecom ဆိုင်ရာဥပဒေများကို ပြင်ဆင်နိုင်ရန်အတွက် မူကြမ်းများရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြခဲ့ရာ လျင်မြန်စွာတိုးတက်ပြောင်းလဲလာသည့် နည်းပညာအခြေအနေအရ ထပ်မံဖြည့်စွက်ရန်လိုအပ်ချက်များကို ဌာနအနေဖြင့် ထပ်မံဖြည့်စွက်နိုင်ရန် ပြန်လည်မှတ်ချက်ပြုလာပါသဖြင့် ခေတ်နှင့်အလျော်ညီဆုံးဖြစ်စေရန် မှတ်ချက်ပါအတိုင်း ထပ်မံပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အရ Online e-Banking စနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဆောင်ရွက်လျက်ရှိရာ လောလောဆယ် မြန်မာ့စီးပွားရေးဘဏ်၊ Asia Green Development ဘဏ်တို့နှင့်ပူးပေါင်းပြီး Online Telephone Payment စနစ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ လျှပ်စစ်မီတာခများကိုလည်း Online စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်ကိုလည်း အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စတင်ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိုဘိုင်းတယ်လီဖုန်း Prepaid စနစ်ကဲ့သို့ လိုင်းဖုန်းများကိုလည်း Online အပြင် Prepaid Top Up Card အဖြစ် ဒီဇင်ဘာတွင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

ဆက်လက်ဆောင်ရွက်မည့် အစီအမံများအနေဖြင့် ITU ၏နည်းပညာဆိုင်ရာအထောက်အပံ့ဖြင့် Wireless Broadband Master Plan တစ်ရပ်ရေးဆွဲနိုင်ရေးအတွက် မြန်မာနိုင်ငံအား Pilot Country အဖြစ်ရွေးချယ်ထားပါသဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယင်းတို့ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀-၄-၂၀၁၁ ရက်တွင် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ICT နည်းပညာကဏ္ဍတွင် နိုင်ငံနှင့်မျိုးဆက်သစ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ပြီး အခြားကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန်ဟူသည့် ပြည်သူများ၏ဆန္ဒကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် အခြေခံပညာမှစ၍ ကွန်ပျူတာပညာသင်ကြားရေး၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ဘတ်ဂျက်တွင် ICT ပိုမိုအသုံးပြုနိုင်ရေးတို့အတွက် သင့်လျော်သည့် ဘဏ္ဍာငွေကြေးရာခိုင်နှုန်း သတ်မှတ်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း စသည်တို့အား ဆောင်ရွက်ပေးသင့်သည်ကို အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် ဖြေကြားသည်။

မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ်တွင် လက်ရှိအများသုံးအော်တိုတယ်လီဖုန်း (၃)လုံးသာရှိပြီး နံနက် ၇ နာရီမှ ည ၈ နာရီ အထိသာ ဆက်သွယ်ပြောဆို၍ရပါကြောင်း၊ သို့ဖြစ်၍ မိုင်းယန်းမြို့နယ်တွင် အချိန်မရွေး လွယ်ကူစွာဆက်သွယ်နိုင်ရေးအတွက် CDMA သို့မဟုတ် GSM တယ်လီဖုန်းတပ်ဆင်ချထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းမြို့တွင် လိုင်းအင်အား (၅၀)ပါ တရုတ်နိုင်ငံလုပ် လက်လှည့်အိတ်ချိန်းတစ်ခု တပ်ဆင်ထားရှိပြီး မိုင်းယန်းမြို့တွင် လိုင်းခွဲတယ်လီဖုန်း(၉)လုံး တပ်ဆင်ထားရှိပါကြောင်း၊ အဝေးဆက်သွယ်မှုရရှိရန်အတွက် ကျိုင်းတုံအော်တိုအိတ်ချိန်းနံပါတ်ဖြင့် လွယ်မီးမိုက်ကရိုမှတစ်ဆင့် တယ်လီဖုန်း (၄)လုံး တပ်ဆင်ထားရှိပါကြောင်း၊ ယင်းတယ်လီဖုန်း(၄)လုံးမှာ မြို့လျှပ်စစ်မီးရရှိမှုအခြေအနေနှင့် သုံးစွဲမှုလိုအပ်ချက်အပေါ် မူတည်၍ ည ၈ နာရီအထိသာ ဖွင့်လှစ်အသုံးပြုခြင်းဖြစ်ပြီး အရေးကြီးလိုအပ်ချက်ရှိပါက ၂၄ နာရီ ဖွင့်လှစ်အသုံးပြုနိုင်ပါကြောင်း။**

မိုင်းယန်းမြို့၌ CDMA-450 တယ်လီဖုန်းပြောဆိုဆက်သွယ်နိုင်ရန်အတွက် စက်ပစ္စည်းများ လွယ်မီးသို့ ပို့ဆောင်တပ်ဆင်နေပြီဖြစ်ပါကြောင်း၊ ကျိုင်းတုံ-လွယ်မီး ဆက်ကြောင်းတပ်ဆင်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပြီး မိုင်းယန်းမြို့၌ CDMA-450 စနစ်ကို စမ်းသပ်အသုံးပြုလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ အပြည့်အဝ အသုံးပြုနိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိုင်းယန်းမြို့၌ GSM လိုင်း(၃၀၀၀) တပ်ဆင်ခြင်းလုပ်ငန်းအား GSM မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းပထမနှစ်၏ဒုတိယအဆင့်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများမှာ GSM ဖုန်းများကိုင်ဆောင်ထားသော်လည်း GSM လွှင့်စက်တာဝါတိုင်မရှိသောကြောင့် ဆက်သွယ်မှုအခက်အခဲများကြုံတွေ့နေရပါကြောင်း၊ သို့ဖြစ်၍ ထန်းတပင်မြို့ပေါ်တွင် GSM နှင့် CDMA တာဝါတိုင်လွှင့်စက်များ တပ်ဆင်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့၌ GSM လိုင်း(၆၀၀၀)တပ်ဆင်ခြင်းလုပ်ငန်းအား GSM Mobile တိုးချဲ့ခြင်းစီမံကိန်းပထမနှစ်၏ တတိယအဆင့်တွင် ဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အသုံးပြုနိုင်

မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွက် CDMA တယ်လီဖုန်း သို့မဟုတ် GSM တယ်လီဖုန်းအသုံးပြုခွင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ GSM လိုင်း(၃၀၀၀) တပ်ဆင်ခြင်းလုပ်ငန်းအား GSM Mobile တိုးချဲ့ခြင်းစီမံကိန်း ပထမနှစ်၏ပထမအဆင့်တွင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အဆိုပါမြို့၌ CDMA-450 လိုင်း(၇၅၀)တပ်ဆင်ခြင်းလုပ်ငန်းအတွက် စက်ပစ္စည်းများကို စက်တင်ဘာလကုန်တွင် ပို့ဆောင်မည်ဖြစ်ပါကြောင်း၊ အောက်တိုဘာ ပထမပတ်တွင် စက်ပစ္စည်းများတပ်ဆင်ပြီး နိုဝင်ဘာတွင် မိုင်းဆတ်မြို့၌ CDMA-450 အသုံးပြုနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အဆိုထောက်ခံ

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် ယမန်နေ့က တင်သွင်းခဲ့သော မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း၏ **အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်ရေး မူတစ်ရပ်ချမှတ်ပေးရန်** အဆိုကို ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၊ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို၊ တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း၊ ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်နှင့် ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်တို့က နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်သည့် အားကစားသမားအများအပြားပေါ်ထွန်းလာရေးအတွက် အခြေခံပညာအဆင့်မှစ၍ လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပါကြောင်း၊ အားကစားလုပ်ငန်းသည် ကျောင်းသားများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးကိုလည်း အထောက်အကူပြုနိုင်ပါကြောင်း၊ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာလွှတ်တော်ကော်မတီများ၊ အားကစားဝါသနာရှင်များ၊ ပညာရှင်များပေါင်းစပ်ပြီး စာသင်ကြားရေးကိုမထိခိုက်စေသော မူတစ်ရပ်ချမှတ်ပေးရန် လိုအပ်နေပြီဖြစ်ပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ပံ့ပိုးအားပေး

ယင်းအဆိုနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌဖလားပြိုင်ပွဲများ၊ အားကစားအဖွဲ့ချုပ်အလိုက် ဥက္ကဋ္ဌဖလားပြိုင်ပွဲများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အားကစားနည်းအသီးသီးတွင် ပိုမိုတိုးတက်အောင်မြင်လာစေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအသီးသီးရှိ အားကစားကလပ်များကို အားကစားပစ္စည်းများ၊ အားကစားနည်းစနစ်များ ပံ့ပိုးအားပေးလျက်ရှိပါကြောင်း။

အားကစားပြိုင်ပွဲများပြိုင်ဆိုင်မှု ပိုမိုမြင့်မားလာစေရေးအတွက် အားကစားကလပ်အသင်းများကို အခြေခံသည့် Champion Challenge Cup Tournament ပြိုင်ပွဲများကိုကျင်းပလျက်ရှိပြီး ဆုကြေးငွေများ ထိုက်တန်စွာချီးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် သင်တန်းသား(၃၅၀)စီ လက်ခံသင်ကြားပေးလျက်ရှိရာမှ သင်တန်းသား (၆၀၀)အထိ တိုးမြှင့်လက်ခံပြီး နံနက်ပိုင်းတွင်စာသင်၍ ညနေပိုင်းတွင်ခေတ်မီအားကစားနည်းစနစ်များ သင်ကြားလေ့ကျင့်ပေးခြင်း၊ Language Lab များ ဖွင့်လှစ်သင်ကြားပေးခြင်းတို့ဖြင့် အားကစားနှင့်ပညာရေး ဘက်စုံထူးချွန်သူများဖြစ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားအဖွဲ့ချုပ်များတွင် ရွေးချယ်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများ၏လေ့ကျင့်ရေး၊ နေထိုင်ရေးတွင် အဆင်ပြေစေရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် စည်းကမ်းတကျရှိစေရေးကိုလည်း လေ့ကျင့်ကြပ်မတ်ပေးလျက်ရှိပါကြောင်း။

အခြေခံပညာကျောင်းများ၌ ညနေပိုင်းအားကစားအချိန် ထည့်သွင်းပြီး ကျွမ်းကျင်သော အားကစားနည်းစနစ်မှူးများခန့်အပ်ကာ လေ့ကျင့်သင်ကြားပေးရေး ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ အားကစားနှင့်သက်ဆိုင်သည့်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပညာရေးမှူးများနှင့်တွေ့ဆုံဆွေးနွေး၍ ကျောင်းအသီးသီး၌ စုပေါင်းယှဉ်ပြိုင် အားကစားနည်းများ၊ တစ်ဦးချင်းယှဉ်ပြိုင်အားကစားနည်းများ၊ တစ်ဦးချင်းသန်မာဖွံ့ဖြိုးစေသည့် အားကစားနည်းများ ကစားခွင့်ဖန်တီးဆောင်ရွက်ပေးရန် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ ယခုအချိန်အထိ တိုင်းဒေသကြီး(၆)ခုနှင့် ပြည်နယ်(၁)ခု တို့တွင် ဆွေးနွေးပြီးဖြစ်ရာ ကျန်ရှိသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

ကျောင်းသားလူငယ်များ ကိုယ်တိုင်ပါဝင်ကစားခွင့်ပြုခြင်းဖြင့် စိတ်ဝင်စားမှု၊ စိတ်အားထက်သန်မှု၊ ပါဝင်ယှဉ်ပြိုင်ရဲသည့်စိတ်ဓာတ်၊ ပြိုင်ပွဲတွင်အနိုင်ယူလိုသည့် စိတ်ဓာတ်၊ အနိုင်ရရှိအောင် မည်သို့ဆောင်ရွက်ရမည်ဟူသော နည်းစနစ်၊ နည်းဗျူဟာတို့ကို ကိုယ်တိုင်တွေးခေါ်တတ်မှု စသည်တို့ ရရှိလာမည်ဖြစ်ပါကြောင်း၊ အဆိုပါရည်မှန်းချက်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ မြန်မာ့အားကစား ပြန်လည်တိုးတက်လာနိုင်စေရန် အသက်ငယ်ရွယ်သည့် လူငယ်မျိုးဆက်ရွက်ပုန်းသီးအားကစားသမားများ၊ ပါရမီရှင်အားကစားသမားများအား စနစ်တကျရွေးချယ်မွေးထုတ်လေ့ကျင့်နိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးဖြန့်ကြက်ထိရောက်စေနိုင်ပြီး ဒေသအသီးသီးမှ အားကစားကလပ်များကို အခြေခံသည့် အားကစားနည်းဗျူဟာများ ချမှတ်ကျင့်သုံးလျက်ရှိပါကြောင်း၊ ဆုကြေးငွေများကိုလည်း ထိုက်တန်စွာချီးမြှင့်ပေးလျက်ရှိပါကြောင်းဖြင့် ဦးထန်းလိန်း၏ အဆိုသည် လျော်ကန်သင့်မြတ်ပါသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက တက္ကသိုလ်အလိုက်၊ ဇုန်အလိုက်အားကစားပြိုင်ပွဲများပြုလုပ်ပြီး ထိုမှတစ်ဆင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်အဆင့် ပြိုင်ပွဲများပြုလုပ်ရွေးချယ်ကာ ပြည်ပပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယခုလည်း ဇုန်အလိုက်အားကစားပြိုင်ပွဲများပြုလုပ်လျက်ရှိပါကြောင်း၊ အားကစားသမားများအား နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသကဲ့သို့ အားကစားဝန်ကြီးဌာနကလည်း လိုအပ်သည်များ ပံ့ပိုးကူညီပေးလျက်ရှိပါကြောင်း၊ အားကစားနှင့် ပတ်သက်၍ အခြေခံပညာကဏ္ဍတွင် လိုအပ်နေသေးသည်ကို တွေ့ရှိရသဖြင့် ကျောင်းသားမိဘများအထိ စည်းရုံးပြီး ကျောင်းသားများကျန်းမာရေးအတွက် ဆောင်ရွက်နိုင်ရန်နှင့်စပ်လျဉ်း၍ စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အားကစားနှင့် ပညာရေးပေါင်းစပ်ရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆုံးဖြတ်

အဆိုရှင် ဦးထန်းလိန်း၏အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်က **သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားများအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု (Minimum Purchase Guarantee Price)ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ရေး** အဆို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသည့်ငွေကြေးမူဝါဒများချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နှင့်လိုက်လျောညီထွေဖြစ်မည့် နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဥပဒေနှင့်အညီသတ်မှတ်ဆောင်ရွက်ရန်** အဆိုတို့ကိုတင်သွင်းကြသည်။

ယင်းအဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကိုထပ်မံကြေညာမည်ဖြစ်ပြီး ဆွေးနွေးမည့်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင်အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး(၂၄)ရက်မြောက်နေ့ကို ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို စက်တင်ဘာ(၂၆)ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးအေးကြူအား JICA ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူအား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ဌာနေကိုယ်စားလှယ် Mr.Hideo Miyamoto ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံ၍ JICA နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ပညာရေးလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှာရန် ရာနှုန်း ၈၀

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ကာဇက်စတန်နိုင်ငံ၌ ပူးတွဲလေ့ကျင့်ရန် မြန်မာ့လက်ဝှေ့အားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၃

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ မြန်မာ့လက်ဝှေ့အားကစားအဖွဲ့သည် ကာဇက်စတန်နိုင်ငံ Almaty မြို့တွင် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ ပူးတွဲလေ့ကျင့်ရန် ယနေ့ နံနက် ၉နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမင်းဟန်၊ အမျိုးသားအုပ်ချုပ်သူ/နည်းပြချုပ်အဖြစ် ဦးတင်မောင်ဖေ၊ ကာဇက်စတန်နိုင်ငံမှ နည်းပြဆရာ Mr. Kassymkaov Berikbo Lamar Taevich ၊ အသင်းဆရာဝန်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာစောဘုန်းနီ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ နည်းပြများအဖြစ် ဦးအောင်မြင့်၊ ဦးထွန်းထွန်းဝင်းနှင့် ဦးကျော်စွာအောင်၊ အမျိုးသားအားကစားသမားများအဖြစ် ထက်အောင်၊ ဝေဖြိုးထွန်း၊ မောင်ငယ်၊ ကျော်ကျော်လတ်၊ နိုင်လင်းအောင်၊ ပြည့်ဖြိုးသိန်း၊ ရဲနိုင်၊ ကျော်ကျော်ထက်၊ အောင်ပြည့်ဖြိုး၊ ဝေလင်းအောင်နှင့် အောင်ကိုကို၊ အမျိုးသမီးအားကစားသမားများအဖြစ် ကြူကြူသင်း၊ မေချစ်ဦး၊ သက်ထားစံ၊ နွယ်နီဦး၊ နှင်းမို့မို့နိုင်၊ နော်မုချေ၊ နယ်လီ၊ မူမူထွေးနှင့် ကြူကြူလှိုင်တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သိန်းဦးနှင့် ဝန်ထမ်းများ စက်တင်ဘာ ၂၂ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်ပြန်/ဆက်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

❖ *ကျောဖုံးမှ*

လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု မကျူးလွန်နိုင်စေရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ နည်းလမ်းတကျ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ရေးကို အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ပါကြောင်း၊ အမှုမှန်ကန်မြန်ဆန်ရေးကိုထိခိုက်စေသည့် လုပ်နည်းလုပ်ဟန်၊ တာဝန်ယူခြင်းကင်းမဲ့မှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်မှုတို့ပေါ်ပေါက်ပါက ကျူးလွန်သူကိုသာမက အနီးကပ်ကြီးကြပ်သူကိုပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၏ **"ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေတို့ကို တိတိကျကျ ကျင့်သုံးမှုရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက **ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် အောင်မြင်စွာကျင်းပပြုလုပ်ပေးခဲ့ပါကြောင်း၊ ယင်းရွေးကောက်ပွဲများ ကျင်းပပြုလုပ်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများကိုလည်းကောင်း ထုတ်ပြန်ခဲ့ရာ မဲစာရင်းပြုစုခြင်းနှင့်စပ်လျဉ်း၍လည်း ဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်း ပြဋ္ဌာန်းထားပါကြောင်း။**

စနစ်တကျ မဲစာရင်းပြုစု

ယင်းပြဋ္ဌာန်းချက်အရ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး (ရ. ယ. က စာရေး)နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ပေါင်းစပ်လျက် မြေပြင်တွင်အမှန်ရှိနေသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရစ်စေရန် စနစ်တကျမဲစာရင်းပြုစု ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ရွေးကောက်ပွဲမကျင်းပမီ ပြုစုထားသည့် မဲစာရင်းများကို အများပြည်သူသိရှိအောင် ကြိုတင်၍ ကပ်ထားကြေညာခဲ့ပါကြောင်း၊ မဲစာရင်း၌ မပါဝင်သေးပါက ထည့်သွင်းပေးရန်နှင့် မဲစာရင်းတွင် မပါဝင်သင့်သူများပါဝင်နေပါက ကန့်ကွက်နိုင်ကြောင်း ဖော်ပြထားသည့် ကြော်ငြာစာပုံစံ(၂)ကိုပါ ကြေညာခဲ့ပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့လည်း တိကျစွာ လိုက်နာဆောင်ရွက်စေခဲ့ပါကြောင်း၊ သို့ဖြစ်၍ မဲစာရင်းပြုစုရာတွင် ဥပဒေအရဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကျန်ရစ်နေခြင်းရှိ/မရှိမှာ ဥပဒေပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတွင် တာဝန်ရှိသကဲ့သို့ ကာယကံရှင် (မဲဆန္ဒရှင်များ)၏ သိရှိလိုက်နာဆောင်ရွက်မှုအပေါ်တွင်လည်း မူတည်ပါကြောင်း။

တပ်ရင်း/တပ်ဖွဲ့ဌာနချုပ်များအတွင်း မဲရုံဖွင့်လှစ်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၆ နှင့် နည်းဥပဒေ ၃၉ (က)တို့အရ တပ်ရင်း/တပ်ဖွဲ့ဌာနချုပ်များအတွင်း မဲရုံဖွင့်လှစ်လောက်သည့် မဲဆန္ဒရှင်အရေအတွက်ရှိပါက မဲရုံတည်ဆောက်၍ မဲပေးခွင့်ပြုခြင်းမှာ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်သာဖြစ်ကြောင်း၊ မဲဆန္ဒနယ်ပြင်ပသို့ရောက်ရှိနေသော မဲဆန္ဒရှင်များ၊ မဲဆန္ဒနယ်အတွင်းရှိသော်လည်း မဲရုံသို့ကိုယ်တိုင်မလာရောက်နိုင်သော မဲဆန္ဒရှင်များ၏ ကြိုတင်မဲကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅(က)၊ (ခ)နှင့်(ဂ)တို့တွင်လည်းကောင်း၊ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၄၇ နှင့် နည်းဥပဒေ ၅၇ တို့တွင်လည်းကောင်း အသေးစိတ်ပြဋ္ဌာန်းထားပြီး ကြိုတင်မဲပေးခြင်းကိစ္စကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် သက်ဆိုင်ရာမဲရုံအလိုက် မဲဆန္ဒလက်မှတ်များနှင့် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲပေးခြင်း ပြီးပြတ်လျှင်ပြီးပြတ်ခြင်း မဲရုံ၌ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ရေတွက်စာရင်းပြုစုရန် ဥပဒေပုဒ်မ၄၈(ခ)နှင့် နည်းဥပဒေ ၆၅ တို့တွင် ပြဋ္ဌာန်းထားပါကြောင်း၊ အလားတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီ (မဲရုံပိတ်ချိန်)မတိုင်မီ ရောက်ရှိနေသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကိုသာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ/ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အများပြည်သူများရှေ့မှောက်တွင် ရေတွက် စာရင်းသွင်းရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ ကြိုတင်မဲပေးခွင့်ရှိသူ၊ ကြိုတင်မဲပေးသည့် နည်းလမ်း၊ ကြိုတင်မဲရေတွက် စာရင်းပြုစုခြင်းတို့နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက တိကျစွာ လိုက်နာစေရန် ကော်မရှင်က ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မဲဆန္ဒရှင်တစ်ဦးက တစ်ကြိမ်ထက်ပို၍ မဲပေးမှုပြုခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၃ နှင့် နည်းဥပဒေ ၃၉ (ဆ)တို့တွင် ပြဋ္ဌာန်းထားပါကြောင်း၊ သို့ရာတွင် နည်းဥပဒေ ၄၂ နှင့် ၄၃ တို့အရ ဆန္ဒမဲပေးသူသည် မဲလက်မှတ်ရှိအမည်များကို မဖတ်တတ်လျှင်ဖြစ်စေ၊ သတ်မှတ်သည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်ဖြစ်စေ၊ မျက်မမြင်ဖြစ်လျှင်ဖြစ်စေ၊ ကျန်းမာသန်စွမ်းခြင်းမရှိလျှင်ဖြစ်စေ၊ သက်ဆိုင်ရာမဲဆန္ဒရှင်၏ မိခင်၊ ဖခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦးက မဲဆန္ဒရှင်ညွှန်ကြားသည့်အတိုင်း ဆန္ဒမဲပေးခြင်းကို ကူညီဆောင်ရွက်ပေးနိုင်ပြီး ယင်းကဲ့သို့ ဆွေမျိုးရင်းချာများမရှိလျှင် မဲရုံမှူးက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်များရှိသဖြင့် မဲဆန္ဒရှင်က ကိုယ်စားစေလွှတ်၍ မဲပေးစေခြင်း မဟုတ်ဘဲ လိုအပ်ချက်အရ ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရခြင်း ဖြစ်ပါကြောင်း။

ကြပ်မတ်ညွှန်ကြား

ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ(ယခင် ရ. ယ. က ဥက္ကဋ္ဌများ)က ဘက်လိုက်ခြင်း၊ ပါတီ၏ စည်းရုံးရေးလုပ်ငန်းများကိုနှောင့်ယှက်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံအဖွဲ့တို့ကို လွှမ်းမိုးခြယ်လှယ်ခြင်းတို့ မရှိစေရန်လည်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ဥပဒေနှင့်အညီ တိကျစွာဘက်မလိုက်ဘဲ ဆောင်ရွက်ကြစေရန် ကြပ်မတ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

ဆန္ဒမဲရေတွက်ရာတွင် လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများကို သက်ဆိုင်ရာရွေးကောက်ပွဲ ဥပဒေ အခန်း(၁၀)နှင့် နည်းဥပဒေ အခန်း(၁၂) တို့တွင် အသေးစိတ်ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ပယ်မဲများခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၆၆ (ဂ)နှင့် (ဃ)တို့တွင် တိကျစွာသတ်မှတ် ပြဋ္ဌာန်းပေးထားပြီး ရွေးကောက်ပွဲမတိုင်မီ နေ့စဉ်ထုတ်သတင်းစာများတွင်လည်း ရှင်းလင်းစွာ အသိပေး ကြေညာထားပြီးဖြစ်ပါကြောင်းနှင့် ပယ်မဲများမဖြစ်စေရန် မဲဆန္ဒရှင်များမှလည်း ကြိုတင်လေ့လာဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုရွေး ကောက် ပွဲကော်မရှင်ဥက္ကဋ္ဌ ဦး တင် အေး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

မြို့နယ်နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၈(ဂ)ပါလုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် ကော်မရှင်၏ ညွှန်ကြားချက်အရ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ရပ်/ကျေးရှိ မဲဆန္ဒရှင်နှင့်မဲရုံအရေအတွက်ပေါ်မူတည်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ မဲရုံအဖွဲ့များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာရွေးကောက်ပွဲ နည်းဥပဒေ ၃၉ (ဂ)နှင့် (ဃ)တို့ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးခြင်းဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် ဥပဒေများကို နိုင်ငံတော်က ၈-၃-၂၀၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ၁၃-၈-၂၀၁၀ ရက်နေ့တွင်ကြေညာကာ ၇-၁၁-၂၀၁၀ ရက်နေ့တွင် ရွေးကောက်ပွဲများ ကျင်းပခဲ့ရခြင်းဖြစ်၍ အချိန်ကာလအားဖြင့် (၈)လခန့်သာ ရရှိခဲ့ပါကြောင်း၊ ယင်းသို့ တိုတောင်းသည့် အချိန်ကာလတွင် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ ဥပဒေ/နည်းဥပဒေပြဋ္ဌာန်းချက်များကို လေ့ကျင့်သင်ကြားပို့ချပေးခြင်း၊ ပါတီများတည်ထောင်/မှတ်ပုံတင်ခွင့်ပြုခြင်း၊ ပါတီများအား စည်းရုံးဆောင်ရွက်ခွင့်ပေးခြင်း၊ မဲဆန္ဒနယ်များသတ်မှတ်ကြေညာခြင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရွေးကောက်ပွဲများကျင်းပပေးခြင်း စသည့် များပြားလှသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခဲ့ရခြင်းကြောင့် အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်သော်လည်း အားနည်းချက်/ချွတ်ယွင်းချက်များ အနည်းငယ်ရှိကောင်း ရှိမည်ဖြစ်ပါကြောင်း၊ ယင်းအားနည်းချက်များကို လေ့လာကြည့်လျှင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များမှာ ပြည့်စုံလုံလောက်မှုရှိသော်လည်း လူပုဂ္ဂိုလ်များက ဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းစွာ နားလည်သဘောပေါက်မှု အားနည်းခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်မှု အားနည်းခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု အားနည်းခြင်းတို့ဖြစ်ကြောင်း တွေ့ရပါကြောင်း၊ ထို့ကြောင့် နောင်လာမည့်ရွေးကောက်ပွဲများတွင် ယခင်ရွေးကောက်ပွဲအတွေ့အကြုံများအပေါ် ပြင်ဆင်သင့်သည့်အချက်များကို ပြင်ဆင်၍လည်းကောင်း၊ နိုင်ငံရေးပါတီများ၏ အကြံပြုချက်များမှ လက်ခံသင့်သည့် အချက်များကို လက်ခံ၍လည်းကောင်း၊ ပါတီအချင်းချင်း ထိန်းကျောင်းသော စနစ်ကို ကျင့်သုံး၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအဖွဲ့များအား ပိုမိုကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ပညာပေး၍လည်းကောင်း လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန် ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ၏ **"ကချင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝလုံခြုံရေးနှင့် ဒေသအတွင်းဆင်းရဲနွမ်းပါးမှု ပပျောက်ရေးဆိုင်ရာ"** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ကချင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းလွတ်လပ်လုံခြုံစွာ လုပ်ကိုင်စားသောက်နိုင်ရေး၊ စီးပွားရေးတိုးတက်ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ အချို့သောဒေသများတွင် စစ်ပြေးဒုက္ခသည်များအဖြစ်မှ မိမိတို့နေရပ်သို့ အေးချမ်းစွာပြန်လည်နေထိုင်နိုင်ရေး စသည့် အခြေအနေများ အမြန်ဆုံးတိုးတက်ဖြစ်ထွန်းလာစေရန် ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းရန် လိုအပ်ပါကြောင်း၊ အခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းခြင်းမပြုကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးအတွက် ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ၁၈-၈-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြေညာချက်အမှတ်(၁/၂၀၁၁)ဖြင့် ထုတ်ပြန် ကမ်းလှမ်းခဲ့ပြီး ဖြစ်ပါကြောင်း။

တိုးတက်ဖြစ်ထွန်း

ကချင်ပြည်နယ်နေ ပြည်သူများ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်စားသောက်နိုင်သည့် လူနေမှုဘဝရရှိရန်၊ စစ်ပြေးဒုက္ခသည်များအဖြစ်မှ အမြန်ဆုံးလွတ်မြောက်ပြီး မိမိတို့နေရပ်တွင် အေးချမ်းလုံခြုံစွာဖြင့် လုပ်ကိုင်စားသောက်နေထိုင်နိုင်ရန်၊ ကျောင်းသား ကျောင်းသူများ ပညာကို ဖြောင့်ဖြောင့်တန်းတန်း သင်ကြားခွင့်ရစေရန် ဟူသည့် လိုလားချက်များသည် ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေးရရှိသည်နှင့်တစ်ပြိုင်နက် ကာလတိုအတွင်း တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း။

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့်ပတ်သက်၍ လယ်လုပ်သူတိုင်း လယ်လုပ်ပိုင်ခွင့်ရှိပြီး လယ်လုပ်ကိုင်သူများအတွက်လည်း စိုက်ပျိုးစရိတ်များကို သက်ဆိုင်ရာဝန်ကြီးဌာနမှ လယ်စိုက်ဧက(၁) ဧကလျှင် ကျပ် (၄၀၀၀၀) နှုန်းဖြင့် ထုတ်ပေးလျက်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးလျက်ရှိခြင်း စသည်ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့်အပြင် သစ်တောစိုက်ခင်းများဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ထူထောင်လုပ်ကိုင်ခွင့်ကို ခွင့်ပြုပေးလျက်ရှိနေပါကြောင်း။

သတ္တုတူးဖော်ထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကချင်ပြည်နယ်အတွင်းတွင် ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရေးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးလုပ်ဆောင်လျက်ရှိပြီး လုပ်ငန်းများဆောင်ရွက်နိုင်ရေးကိုလည်း ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ကချင်ပြည်နယ်တွင် ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် (၅)ခု၊ အသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့် (၃၇၇)ခု၊ စမ်းသပ်တိုင်းတာရန်ခွင့်ပြုမိန့် (၈၆)ခု၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့် (၁)ခု ထုတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ရတနာနယ်မြေများတွင်လည်း ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် လုပ်ကွက်(၁၆၁၅၀)ကွက် ခွင့်ပြုမိန့်ထုတ်ပေးထားပြီး ရွှေသတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် (၃၃၂)ခု ထုတ်ပေးထားပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်စေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အလေးထား ဆောင်ရွက်စေလျက်ရှိပါကြောင်း။

အိမ်နီးချင်းနိုင်ငံအတွင်းမှ တရားမဝင် ဝင်ရောက်မှုများ၊ လူမှောင်ခိုကူးမှုများ၊ သယံဇာတများ၊ ရှားပါးတိရစ္ဆာန်များကို တစ်ဖက်နိုင်ငံသို့ တရားမဝင်မှောင်ခို ခိုးထုတ်မှုနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် အစိုးရဝန်ကြီးဌာနများက အလေးထားကြပ်မတ် တားမြစ်ဆောင်ရွက်နေသကဲ့သို့ ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူလူထုကလည်း မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ **"ရခိုင်ပြည်နယ်အတွင်း ဆန်စပါးကို လွတ်လပ်စွာရောင်းဝယ်ခွင့် ရှိ/မရှိနှင့် စစ်ဆေးရေးဂိတ်များမှ ငွေကောက်ခံနေခြင်းကို ဟန့်တားပေးပါရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က တောင်သူလယ်သမားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရည်ရွယ်ပြီး နိုင်ငံတော်၏အဓိက သီးနှံဖြစ်သည့် ဆန်စပါးကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် စပါးရာသီမှစ၍ အစိုးရက တိုက်ရိုက်ဝယ်ယူခြင်း မပြုတော့ဘဲ ဆန်စပါးရောင်းဝယ်ခြင်း၊ ကြိတ်ခွဲခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ခွင့် ရရှိခဲ့ပြီးဖြစ်ပါကြောင်း။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဗညားအောင်မိုး မေးမြန်းစဉ်။ (သတင်းစဉ်)



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆) မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် မေးမြန်းစဉ်။ (သတင်းစဉ်)

လွတ်လပ်စွာရောင်းဝယ်

ရခိုင်ပြည်နယ်၏ ဆန်စီးဆင်းမှုသည် ဈေးကွက်ဝယ်လိုအားနှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များအားလုံးတွင် လွတ်လပ်စွာ ရောင်းဝယ်စီးဆင်းခွင့်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်သည် ဆန်စပါးဖူလုံပိုလျှံသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ဆန်စပါးသယ်ယူရောင်းချမှုနှင့်ပတ်သက်၍ ယခင်ကတည်းက ပြည်နယ်အတွင်းတွင် လွတ်လပ်စွာရောင်းဝယ်ခွင့်ရှိပါကြောင်းနှင့် ယခုအချိန်တွင်လည်း လွတ်လပ်စွာ ရောင်းဝယ်လျက်ရှိပါကြောင်း၊ သို့သော် အိမ်နီးချင်းတစ်ဖက်နိုင်ငံ၏ ဆန်စပါးလိုအပ်ချက်ကြောင့် ပြည်နယ်အတွင်းရှိ ဆန်စပါးများ တရားမဝင်မှောင်ခိုသယ်ယူရောင်းချမှုများရှိနိုင်သည့်အတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၀ ခုနှစ် မတ်လအတွင်း ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်များမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ရောင်းချရန် သယ်ယူလာသော မြောက်ဦးမြို့နယ်မှ ဆန်အိတ်(၅၅၀)ပါ စက်လှေတစ်စင်းကို စစ်တွေမြို့နယ် အမြင့်ကျွန်းရဲစခန်းမှ ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်သည် တစ်ဖက်နိုင်ငံနှင့် နီးကပ်စွာ တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည့်အတွက် လက်နက်နှင့်ဖောက်ခွဲရေးပစ္စည်းများ၊ နိုင်ငံတော်မှ တားမြစ်ထားသည့် ကန့်သတ်ကုန်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးများဝင်ရောက်မှု မရှိစေရေး၊ တရားမဝင်မှောင်ခိုထွက်ရှိမှုမရှိစေရေး၊ နိုင်ငံခြားသားများ တရားမဝင် ဝင်/ထွက်မှု မရှိစေရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ မိတ်ဖက်ဌာနများပါဝင်သော ပူးပေါင်းအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇာယာဒ်ရော်မံ (ခ)ဦးဌေးဝင်း၏ **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်း နေထိုင်လျက်ရှိကြသော ပြည်သူလူထု၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် ဉာဏ်ရည်ထက်မြက်သော ကျောင်းသား ကျောင်းသူများအား အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် ကျောင်းသားဦးရေခွဲတမ်းစနစ်**(Student Quota System)**ဖြင့် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ရောက်ပညာသင်ခွင့်ပြုသည့် စနစ်သစ်တစ်ခု ဖော်ဆောင်ပေးရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားခွင့်ပြုခြင်းနှင့်ပတ်သက်၍ ၁၉၆၄ ခုနှစ်မှ စတင်ပြီး စနစ်သစ်ပညာရေးအရ အခြေခံပညာအထက်တန်းစာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူများကို ရမှတ်အလိုက် အခြေခံ၍ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ပြုခဲ့ပါကြောင်း။

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိ
အမျိုးသားရေး

စနစ်သစ်တစ်ရပ်ဖော်ထု

ပြည်သူလူထုအတွက် ကျန်းမာရေးစေ
**တစ်နိုင်ငံလုံး၌ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်
များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မျ
စနစ်သစ်တစ်ရပ်ဖော်ထုတ်ရန် ဆေးပညာရှင်များ
အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ အ
ညှိနှိုင်းခဲ့ကြပြီး ဒေသ၏လူဦးရေအလိုက် အချိ
ဝင်ခွင့်ရွေးချယ်ရေးစနစ်သစ်တစ်ရပ်အား အကော
တစ်ရပ်ကို ရေးဆွဲခဲ့ပါကြောင်း။**

**သို့ရာတွင် ၂၀၀၈ ခုနှစ် ဇူလိုင်လတွင်
ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေး
ရွေးချယ်ရေးစနစ်သစ် အကောင်အထည်ဖော်ရေးအ
ဆွေးနွေးညှိနှိုင်းခဲ့ရာ လက်ရှိ လူမှုရေး၊ စီးပွားရေ
ဆယ် ကျင့်သုံးရန် သင့်လျော်မှုမရှိသဖြင့် ဆိုင်းင
ဘာသာရပ်သည် အသက်မွေးဝမ်းကျောင်း
ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေး၊
အားထုတ်မှုအပေါ်မူတည်၍သာ ရွေးချယ်သင်တ
ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးတက္က
ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်၏ ကျန်းမ
အသွေးနှင့် အဆင့်အတန်းအပေါ် ရောင်ပြန်ဟ
ပြည့်ဝသည့် ဆေးပညာရှင်များ မွေးထုတ်နိုင်ရန်
လျက်ရှိသော ဝင်ခွင့်ရွေးချယ်ရေးစနစ်ဖြင့်သာ ဆ
ကြောင်း**ဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်
ဆိုင်ရာ မေးခွန်းများကိုမေးမြန်းကြရာ ပြည်ထေ
ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့
ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်
ပြန်လည်ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀
**သမားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားအဖွဲ့အ
ပြင်ဆင်နေသကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆ
တောင်သူလယ်သမားများအကျိုးငှာ မြန်မာနိုင်ငံလုံး
အဖွဲ့အစည်း၊ တောင်သူလယ်သမားအဖွဲ့ချုပ် စ
အစည်းများကို ဖွဲ့စည်းပေးရန် သင့်/မသင့် သိရှိလိုပါ
၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြောရေး
ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်အနေဖြင့် ဖြေကြား**

**တောင်သူလယ်သမားများသည် မိမိတို့နိုင်င
ရာခိုင်နှုန်းသော ပြည်သူများဖြစ်ကြပြီး နိုင်ငံ၏အ
ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးအတွ
စွမ်းအားစုများလည်း ဖြစ်ကြပါကြောင်း၊ ထို့ကြောင့
နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃ တွင်
လယ်သမားများ၏ အခွင့်အရေးများ ကာကွယ်
ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်၊ စိုက်ပျိုးထု
များ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆေ
ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်များနှ
များ၏ အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်အောင်
နိုင်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမ
ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ လ
အောင် ဘက်စုံထောင့်စုံက ဆောင်ရွက်ပေးမည်ဖြစ်
များ ထုတ်လုပ်သည့် သီးနှံများ သင့်တင့်မျှတ
လည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း
လယ်သမားများ၏ အသိဗဟုသုတမြင့်မားရေး၊ လ
ရေးအတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်ပါ**

အကျိုးစီးပွား

**ထို့အတူ တောင်သူလယ်သမားများအတွင်း
စွဲများကြောင့် အချင်းချင်းစိတ်ဝမ်းကွဲပြီး ကျေးရွ
အတွင်း၊ နိုင်ငံတော်အတွင်း စည်းလုံးညီညွတ်မှ
မျိုးမရောက်အောင်လည်း ကာကွယ်တားဆီး
ကြောင်း၊ တောင်သူလယ်သမားများအတွင်း
အကျိုး၊ အမျိုးသားရေးအကျိုး၊ အမျိုးသားအက
အယူအဆ၊ အတွေးအခေါ်၊ စိတ်နေစိတ်ထား၊ ခံယူ
နေအောင်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါ
လယ်သမားများ၏ အကျိုး၊ တောင်သူလယ်သ
ဖော်ဆောင် ဆောင်ရွက်ကြသည့်နေရာတွင် ကူညီ
လယ်သမားအဖွဲ့အစည်းဟူသည်လည်း ရှိလာရမ**

**အတိတ်ဖြစ်စဉ်များကို ပြန်ကြည့်ပါက
နိုင်ငံရေးပါတီအသီးသီးသည် ကိုယ်ပိုင်လယ်သမ
အဆိုင်ဖွဲ့စည်း စည်းရုံးဆောင်ရွက်ခဲ့သည်ကို
သခင်သန်းထွန်း၊ သခင်စိုးတို့ ဦးစီးသည့် ကွန်မြ
လယ်သမားသမဂ္ဂများ ထူထောင်ခဲ့ပါကြောင်း၊
တွင်လည်း ၎င်းတို့ စိုးမိုးသည့်နယ်မြေများတွင် တေ
ဖွဲ့ပြီး လယ်ယာမြေသိမ်းဆည်းရေးနှင့် ဝေခြမ်း
တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ အာဏာရ
လုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး (
ခဲ့သည့်နည်းတူ ဖဆပလအတွင်း ပါဝင်ခဲ့သည့်
များ ကွဲထွက်ပြီးနောက် ဆိုရှယ်နီများက ပြ
တပ်ပေါင်းစု(ပမညတ) ဆိုသည်ကို ဖွဲ့ခဲ့ပါကြော
တောင်သူလယ်သမားညီညွတ်ရေးအစည်းအရုံး(မြ**

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို နိုင်ငံ၏ ရည်မှန်းချက်(သို့မဟုတ်) အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်အဖြစ်ထားရှိပြီး ကြိုးပမ်းတည်ဆောက်ဖော်ဆောင်လျက်ရှိ

စနစ်သစ်တစ်ရပ်ဖော်ထုတ်

ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်နိုင်ငံလုံး၌ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ရွေးချယ်ရေး စနစ်သစ်တစ်ရပ်ဖော်ထုတ်ရန် ဆေးပညာရှင်များက ၁၉၉၄ ခုနှစ်မှစတင်၍ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒေသ၏လူဦးရေအလိုက် အချိုးကျခွဲဝေမှုကို အခြေခံသော ဝင်ခွင့်ရွေးချယ်ရေးစနစ်သစ်တစ်ရပ်အား အကောင်အထည်ဖော်ရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲခဲ့ပါကြောင်း။

သို့ရာတွင် ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ရွေးချယ်ရေးစနစ်သစ် အကောင်အထည်ဖော်ရေးအတွက် အကြိမ်ကြိမ် ထပ်မံဆွေးနွေးညှိနှိုင်းခဲ့ရာ လက်ရှိ လူမှုရေး၊ စီးပွားရေးအခြေအနေအရ လောလောဆယ် ကျင့်သုံးရန် သင့်လျော်မှုမရှိသဖြင့် ဆိုင်းငံ့ထားပါကြောင်း၊ ဆေးပညာဘာသာရပ်သည် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေး၊ အရည်အချင်းနှင့် ကြိုးစားအားထုတ်မှုအပေါ်မူတည်၍သာ ရွေးချယ်သင်တန်းတက်ရောက်ခွင့်ပြုထား၍ ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်ကို ခွဲတမ်းဖြင့် ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းအပေါ် ရောင်ပြန်ဟပ်နိုင်သဖြင့် အရည်အချင်းပြည့်ဝသည့် ဆေးပညာရှင်များ မွေးထုတ်နိုင်ရန်အတွက် လက်ရှိ ကျင့်သုံးလျက်ရှိသော ဝင်ခွင့်ရွေးချယ်ရေးစနစ်ဖြင့်သာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့က ပြန်ကြားရေးဆိုင်ရာ မေးခွန်းများကိုမေးမြန်းကြရာ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တစ်ပေါင်းတည်းပြန်လည်ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ "အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားအဖွဲ့အစည်းအဆင့်ဆင့်ကိုဖွဲ့စည်းရန် ပြင်ဆင်နေသကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း တောင်သူလယ်သမားများအကျိုးငှာ မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအဖွဲ့အစည်း၊ တောင်သူလယ်သမားအဖွဲ့ချုပ် စသည့် အဆင့်ဆင့်သော အဖွဲ့အစည်းများကို ဖွဲ့စည်းပေးရန် သင့်/မသင့် သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်အနေဖြင့် ဖြေကြားသွားမည်ဖြစ်ပါကြောင်း။

တောင်သူလယ်သမားများသည် မိမိတို့နိုင်ငံ လူဦးရေစုစုပေါင်း၏ (၇၀) ရာခိုင်နှုန်းသော ပြည်သူများဖြစ်ကြပြီး နိုင်ငံ၏အဓိကအင်အားစုများ ဖြစ်ကြပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးအတွက် အဓိကကျသည့် ကုန်ထုတ်စွမ်းအားစုများလည်း ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃ တွင် "နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်၊ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်" ဟူ၍ ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ တောင်သူလယ်သမားများ၏ အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်အောင်၊ ကာကွယ်စောင့်ရှောက်ပေးနိုင်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံထောင့်စုံက ဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများ ထုတ်လုပ်သည့် သီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းများရအောင်လည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အလားတူ တောင်သူလယ်သမားများ၏ အသိဗဟုသုတမြင့်မားရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

အကျိုးစီးပွား

ထို့အတူ တောင်သူလယ်သမားများအတွင်း ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် အချင်းချင်းစိတ်ဝမ်းကွဲပြီး ကျေးရွာများအတွင်း၊ ရပ်ကွက်များအတွင်း၊ နိုင်ငံတော်အတွင်း စည်းလုံးညီညွတ်မှုပျက်ပြားသည့် အခြေအနေမျိုးမရောက်အောင်လည်း ကာကွယ်တားဆီး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအတွင်း တောင်သူလယ်သမားများ၏ အကျိုး၊ အမျိုးသားရေးအကျိုး၊ အမျိုးသားအကျိုးစီးပွားကို အခြေခံသည့် အယူအဆ၊ အတွေးအခေါ်၊ စိတ်နေစိတ်ထား၊ ခံယူချက်များ မြင့်မားပေါ်ပေါက်နေအောင်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ တောင်သူလယ်သမားများ၏ အကျိုး၊ တောင်သူလယ်သမားများ၏ အခွင့်အရေးကို ဖော်ဆောင် ဆောင်ရွက်ကြသည့်နေရာတွင် ကူညီဆောင်ရွက်ပေးမည့် တောင်သူလယ်သမားအဖွဲ့အစည်းဟူသည်လည်း ရှိလာရမည်ဖြစ်ပါကြောင်း။

အတိတ်ဖြစ်စဉ်များကို ပြန်ကြည့်ပါက ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီအသီးသီးသည် ကိုယ်ပိုင်လယ်သမားအစည်းအရုံးများ အပြိုင်အဆိုင်ဖွဲ့စည်း စည်းရုံးဆောင်ရွက်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ သခင်သန်းထွန်း၊ သခင်စိုးတို့ ဦးစီးသည့် ကွန်မြူနစ်များကလည်း တောင်သူလယ်သမားသမဂ္ဂများ ထူထောင်ခဲ့ပါကြောင်း၊ ၎င်းတို့တောခိုသွားပြီးနောက်တွင်လည်း ၎င်းတို့ စိုးမိုးသည့်နယ်မြေများတွင် တောင်သူလယ်သမားသမဂ္ဂများဖွဲ့ပြီး လယ်ယာမြေသိမ်းဆည်းရေးနှင့် ဝေခြမ်းရေးလုပ်ခဲ့သည်များကိုလည်း တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ အာဏာရ ဖဆပလပါတီက ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး (ဗတလစ)ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်နည်းတူ ဖဆပလအတွင်း ပါဝင်ခဲ့သည့် ဆိုရှယ်လစ်ပါတီမှ ဆိုရှယ်နီများ ကွဲထွက်ပြီးနောက် ဆိုရှယ်နီများက ပြည်သူ့အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု(ပမညတ) ဆိုသည်ကို ဖွဲ့ခဲ့ပါကြောင်း၊ ၎င်း ပမညတကလည်း တောင်သူလယ်သမားညီညွတ်ရေးအစည်းအရုံး(မြန်မာနိုင်ငံ) United Peasant Organization (Burma) (UPO-B)ဟူ၍ ထပ်မံဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စားပြောရေး ဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

၎င်းနောက် အာဏာရ ဖဆပလပါတီအတွင်း တည်မြဲ-သန့်ရှင်း ကွဲသည့်အခါ ဖဆပလက ဖွဲ့စည်းခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး(ဗတလစ) နှစ်ခြမ်းကွဲခဲ့ပါကြောင်း၊ ဗဟို၌ နှစ်ခြမ်းကွဲသကဲ့သို့ ခရိုင်/မြို့နယ်အဆင့် ဖွဲ့စည်းထားသည့် ဗတလစများလည်း ကွဲခဲ့ပါကြောင်း၊ ထိုအကျိုးဆက်အဖြစ် အချင်းချင်း သွေးထွက်သံယို ပဋိပက္ခများအထိ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိကြရပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည့်အတွက် တောင်သူလယ်သမားအရေး၊ တောင်သူလယ်သမားများ၏အကျိုး၊ နိုင်ငံတော်၏ အကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှုအားနည်းခဲ့ပြီး တောင်သူလယ်သမားများအတွင်း၌ စည်းလုံးမှုပျက်ပြားခြင်း၊ သဘောထားကွဲပြားခြင်းများကိုသာ ဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

အားနည်းခဲ့

ထို့နောက် လမ်းစဉ်ပါတီလက်ထက်တွင် တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးအတွက် တစုတစည်းတည်း စည်းလုံးညီညွတ်သော တောင်သူလယ်သမားအစည်းအရုံး ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း ဗဟိုချုပ်ကိုင်မှုလွန်ကဲခြင်းနှင့် အခြားသော အားနည်းချက်များကြောင့် တောင်သူလယ်သမားများ၏ အကျိုးနှင့် လိုအပ်ချက်များကို ဖော်ဆောင်ပေးနိုင်မှု အားနည်းခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ပါလီမန်ဒီမိုကရေစီခေတ်တွင် တောင်သူလယ်သမားများအတွင်း တင်ပြပါအတိုင်း အကွဲကွဲအပြဲပြဲဖြစ်ခဲ့သကဲ့သို့ အခြားသောအလုပ်သမားလူတန်းစားနှင့် ကျောင်းသားထုအတွင်းတွင်လည်း အလားတူ ကွဲပြဲမှုများဖြစ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အလုပ်သမားထုအတွင်း အခြေအနေကို ကြည့်မည်ဆိုပါက သခင်သန်းထွန်း၊ သခင်စိုးတို့ဦးစီးသည့် ကွန်မြူနစ်များကလည်း အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ၎င်းတို့ တောခိုပြီးသည့်နောက်ပိုင်းတွင်လည်း ၎င်းတို့ ဖွဲ့စည်းထားသည့် အလုပ်သမားသမဂ္ဂများကို လျှို့ဝှက်ညွှန်ကြားပြီး မြေပေါ်ဆူပူအုံကြွမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ အလားတူ အာဏာရ ဖဆပလအစိုးရကလည်း Trade Union Congress Burma (TUCB)ဟူသည့် အလုပ်သမားသမဂ္ဂများ ကွန်ဂရက်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ ပမညတကလည်း (TUCB)၏ ပြောင်းပြန် BTUC (Burma Trade Union Congress) ဟူ၍ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထို့နောက် ဖဆပလအဖွဲ့ကြီး သန့်ရှင်း-တည်မြဲကွဲသည့်အခါ TUCB က တည်မြဲနှင့်အတူ ကျန်ရစ်ခဲ့ပါကြောင်း၊ ထို့ကြောင့် သန့်ရှင်းအဖွဲ့များက Union Labour Organization (ULO) ဟူ၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် အလုပ်သမားများအတွင်း စည်းလုံးညီညွတ်မှုပျက်ပြားခဲ့သည့် အနေအထားကို တွေ့ရမည်ဖြစ်ပါကြောင်း။

တစ်ဖန် ကျောင်းသားထုအတွင်းကို ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ၁၉၃၀ ပြည့်နှစ်ခန့်မှစ၍ တိုင်းပြည်၏ လွတ်လပ်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (တကသ)ကို ဖွဲ့စည်းထူထောင်လှုပ်ရှားခဲ့ကြပါကြောင်း၊ ထို့ပြင် ဒုတိယကမ္ဘာစစ်ပြီးနောက် လွတ်လပ်ရေးကြိုးပမ်းမှုအရှိန်အဟုန် ပိုမြင့်လာသည့်အခါ တကသ သာမက ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗကသ)ကို ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုမျှမက ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂ(ရကသ) ဟူ၍လည်း ဖွဲ့စည်းခဲ့ကြပါကြောင်း၊ ၎င်းနောက်တွင်မူ မြန်မာနိုင်ငံအနှံ့ ခရိုင်၊ မြို့နယ်များတွင်လည်း ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း။

သင်ခန်းစာများရယူ

ထိုအချိန်က ဖွဲ့စည်းပေါ်ပေါက်ခဲ့သော ကျောင်းသားသမဂ္ဂများသည် အမျိုးသားရေးအကျိုးဖြစ်သည့် လွတ်လပ်ရေးရရှိရန်အတွက် ဦးတည်ဆောင်ရွက်ခဲ့ကြခြင်းကြောင့် တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းပါကြောင်း၊ သို့သော် လွတ်လပ်ရေးရခါနီးနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နိုင်ငံရေးသမားများအနေဖြင့် ၎င်းတို့၏ အင်အားရရှိရေးနှင့် လိုအပ်သလိုအသုံးပြုနိုင်ရေးအတွက် ကျောင်းသားထုအတွင်း ဝင်ရောက်စည်းရုံးဆောင်ရွက်ခဲ့ကြသည်များကိုလည်း တွေ့ရပါကြောင်း၊ ဗကပ သခင်သန်းထွန်းတို့က ကျောင်းသားတပ်ဦးဟူ၍လည်းကောင်း၊ အလံနီသခင်စိုးတို့ကလည်း ကျောင်းသားတပ်ဦးသစ်ဟူ၍ လည်းကောင်း၊ ဦးကျော်ငြိမ်း၏ ဖဆပလက (DSO-Democratic Student Organization) ကျောင်းသားရဲခေါင်အဖွဲ့ဟူ၍လည်းကောင်း ဖွဲ့စည်းလှုပ်ရှားခဲ့ကြပါကြောင်း၊ ထို့အတူ ပမညတကလည်း ဗကသများအဖွဲ့ချုပ်ဟုဖွဲ့စည်းပြီး စည်းလုံးလှုပ်ရှားဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လူထုလူတန်းစားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ကြမည်ဆိုပါက အတိတ်က သင်ခန်းစာများကိုရယူပြီး အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့အရပ်ရပ်၏ အခြေအနေများကို လေ့လာသုံးသပ်ပါကလည်း အမေရိကန်နိုင်ငံတွင် လယ်သမားများအနေဖြင့် ဒေသအလိုက်ဖွဲ့စည်းမှု၊ ဥပမာ-တက္ကဆက်ပြည်နယ်လယ်သမားအဖွဲ့ဟူ၍ ဖွဲ့ခြင်းမျိုးရှိသကဲ့သို့ စိုက်ပျိုးသီးနှံအလိုက်ဖွဲ့စည်းမှု၊ ဥပမာ-ပြောင်းစိုက်ပျိုးသူများအသင်း National Corn Grower Association ဟူ၍ ဖွဲ့စည်းဆောင်ရွက်ခြင်းမျိုးလည်းတွေ့ရပါကြောင်း၊ ထို့ပြင် American Farmers Association ဟူ၍လည်း ဖွဲ့စည်းဆောင်ရွက်ပြီး လယ်သမားများ၏ အကျိုးအတွက် အထောက်အပံ့ပြုရေး၊ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး၊ လိုအပ်သည့်ဥပဒေများ ပေါ်ထွန်းလာရေးတို့ကို ဆောင်ရွက်ပေးသည်ဟု သိရှိရပါကြောင်း၊ အလားတူ ဩစတြေးလျနိုင်ငံတွင်လည်း National Farmers Federation(NFF) ကို ဖွဲ့စည်းပြီး လယ်သမားမူဝါဒများချမှတ်ရေး၊ လယ်သမားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် ဥပဒေပြုရေးများကို ဆောင်ရွက်သည်ဟု သိရပါကြောင်း၊ ဆွီဒင်နိုင်ငံတွင်မူ Federation of Swedish Farmers ဟူသည့် NGO အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် မူဝါဒများနှင့် ဥပဒေများပေါ်ပေါက်ရေး၊ လယ်သမားများကို နည်းပညာအရင်းအနှီး ကူညီပံ့ပိုးမှုပေးရေးများကို ဆောင်ရွက်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် Thai Farmers Association (TFA) နှင့် Farmers Federation of Thailand ဟူ၍ အဖွဲ့နှစ်ဖွဲ့ရှိသည်ကိုလည်း တွေ့ရပါကြောင်း၊ မလေးရှားနိုင်ငံတွင် National Farmers Association(NAFAS)ကို Farmers Association Act(1967) နှင့် Farmers Association Act(1973)တို့အရ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ထိုထိုသော ဆောင်ရွက်မှုများကိုပင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်စဉ်းစားပြီး ဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

မြှင့်တင်ဖော်ဆောင်

ထို့ကြောင့် တောင်သူလယ်သမားအဖွဲ့အစည်းတစ်ရပ် ထူထောင်ရာတွင် ပြည်တွင်းပြည်ပအတွေ့အကြုံများ၊ အတိတ်သင်ခန်းစာများကို လေ့လာဖော်ထုတ်ပြီး မိမိနိုင်ငံနှင့်လူမျိုးအတွက် အနာဂတ်တွင် အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းတွင် ဖြစ်ပျက်ခဲ့သည့် တောင်သူလယ်သမား၊ အလုပ်သမား၊ ကျောင်းသားကိုယ်စားပြုအဖွဲ့အစည်းများ၏ အကွဲအပြဲမျိုး၊ နိုင်ငံရေးသမားများ၏ အသုံးချခံဖြစ်ခဲ့ရသည့် အခြေအနေမျိုးများ ထပ်မံမကြုံတွေ့ရအောင် စနစ်တကျ စီမံဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ အမှန်တကယ် တောင်သူလယ်သမား၏ အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့်၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည့်၊ တောင်သူလယ်သမားများ၏ အသိပညာလူ့စွမ်းအားအရင်းအမြစ်များကို မြှင့်တင်ဖော်ဆောင်ပေးနိုင်သည့် အဖွဲ့အစည်းမျိုးသာ ဖြစ်သင့်သည်ဟု ယူဆပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် တောင်သူလယ်သမားကိုယ်စားပြု အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရေးအတွက် မိမိနိုင်ငံ၏ အတိတ်သမိုင်းအတွေ့အကြုံ၊ ယနေ့နိုင်ငံနှင့်ပြည်သူ၏ ပကတိအရှိတရားအခြေအနေ၊ အခြားနိုင်ငံများ၏ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေ အားသာချက် အားနည်းချက်များကို အသေးစိတ်သုံးသပ်ပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ ရေရှည်အနာဂတ်အကျိုးစီးပွားအတွက် ခိုင်မာပြည့်စုံအောင် လေ့လာသုံးသပ်ညှိနှိုင်းပြီး လိုအပ်သည့်ဥပဒေများစတင်ရေးဆွဲခြင်း၊ ယင်းဥပဒေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ လွှတ်တော်သို့တင်ပြပြီး အတည်ပြုပြဋ္ဌာန်းခြင်း၊ ပြဋ္ဌာန်းလိုက်သည့်ဥပဒေနှင့်အညီ တောင်သူလယ်သမားကိုယ်စားပြုအဖွဲ့အစည်းများဖွဲ့စည်းခြင်း စသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် ဥပဒေပြဋ္ဌာန်းပြီးချိန်တွင် ၎င်းဥပဒေနှင့်အညီ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၏ "ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော ဒီမိုကရေစီအင်အားစုခေါင်းဆောင်များနှင့် တစ်ချိန်တည်း တွေ့ဆုံဆွေးနွေးခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ယနေ့အခါ မိမိတို့ပြည်သူအများစု၏ အဓိကလိုလားချက်ဆန္ဒကို ဆန်းစစ်ကြည့်လျှင်-

(၁) နိုင်ငံတည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ငြိမ်းချမ်းရေး (သို့မဟုတ်) အမျိုးသားပြန်လည်စည်းလုံးရေး၊
(၂) တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့ မိသားစုတစ်စုချင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊
(၃) တရားဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး (သို့မဟုတ်) ဒီမိုကရေစီရေးတို့ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရသစ်အနေဖြင့် ပြည်သူများ၏ ယင်းလိုလားချက်များအတိုင်း "ငြိမ်းချမ်းရေး"၊ "ဖွံ့ဖြိုးတိုးတက်ရေး" နှင့် "ဒီမိုကရေစီဖော်ဆောင်ရေး" လုပ်ငန်းစဉ်များကို နိုင်ငံ၏ရည်မှန်းချက် (သို့မဟုတ်) အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ်ထားရှိပြီး ကြိုးပမ်းတည်ဆောက်ဖော်ဆောင်လျက်ရှိပါကြောင်း။

အကောင်အထည်ဖော်

ရည်မှန်းချက်တစ်ရပ်ကို အောင်မြင်အောင် ဖော်ဆောင်ကြရာတွင် အောင်မြင်အောင် ဖော်ဆောင်နိုင်မည့် နည်းလမ်းများ အများအပြားရှိနိုင်ပါကြောင်း၊ သို့သော် "ကြောင်သည် အနက်ဖြစ်စေ၊ အဖြူဖြစ်စေ အရေးမကြီးဘဲ ကြွက်ခုတ်တတ်ရန်သာ အရေးကြီးသည်" ဆိုသည့် စကားအတိုင်း မိမိတို့လိုလားသည့် ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်သာ အဓိကကျပါကြောင်း၊ ယင်းရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်ဆိုလျှင်လည်း ဖော်ဆောင်မည့် နည်းလမ်းမှာ လက်ရှိဖြစ်ပေါ်နေသည့် ပကတိအရှိတရားများနှင့် လိုက်လျောညီထွေဖြစ်သည့် နည်းလမ်းဖြစ်ရန်လိုပါကြောင်း၊ လိုက်လျောညီထွေမဖြစ်လျှင် ခုတ်ရာတခြား၊ ရှရာတလွဲ ဖြစ်လာနိုင်ပါကြောင်း၊ ထို့အတူ ရိုးရှင်းလွယ်ကူသည့် နည်းလမ်းဖြစ်ရန်လည်း လိုအပ်ပါကြောင်း၊ သို့မှသာ ရှုပ်ထွေးခက်ခဲမှုနည်းပြီး လွယ်ကူလျင်မြန်စွာ အောင်မြင်အောင် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဝိရောဓိအနည်းဆုံးဖြစ်စေနိုင်သည့် နည်းလမ်းဖြစ်ရန်လည်းလိုပါကြောင်း၊ ဝိရောဓိများနေလျှင် လိုချင်သည့် ရည်မှန်းချက်ကို အလွယ်တကူရောက်နိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လိုလားချက်ဖြစ်သည့်၊ ဦးအုန်းတင်၏ မေးခွန်းတွင်လည်း ပါရှိသည့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့ကို အထက်တွင် မိမိဆွေးနွေးခဲ့သည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ပထမရည်မှန်းချက်ဖြစ်သည့် ငြိမ်းချမ်းရေး (သို့မဟုတ်) အမျိုးသားပြန်လည်စည်းလုံးရေး တည်ဆောက်နိုင်ရန်အတွက် အဓိကနည်းလမ်း (၃)ရပ် ချမှတ်ဆောင်ရွက်နေပါကြောင်း၊ ပထမနည်းလမ်းမှာ မိမိတို့နှင့်အမြင်၊ သဘောထားများ မတူညီကြသေးသည့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများနှင့် ပြန်လည်စည်းလုံးရေးအတွက် အမြင်သဘောထား မတူသည်များကို ခေတ္တဖယ်ထားပြီး သဘောထားတူညီသည်များကို နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးပင်ဖြစ်ပါကြောင်း၊ ယခုလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်နိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ ယင်းကဲ့သို့ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများနှင့် သဘောထားတူသည်များကို နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို အတူလက်တွဲဖော်ဆောင်နိုင်မည် ဖြစ်သကဲ့သို့ ထိုသို့အတူလက်တွဲ အလုပ်လုပ်ကြရင်း နှစ်ဖက်နားလည်မှု၊ ယုံကြည်မှုလည်း ပိုမိုတိုးပွားရရှိလာနိုင်မှာဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် အမြင်သဘောထားကွဲနေမှုများကို တစ်ဆင့်တက် ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားခြင်းအားဖြင့် နှစ်ဖက်စလုံးအတွက် win-win situation ကို တက်လှမ်းရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

တွေ့မြင်နေရ

ဒုတိယနည်းလမ်းအနေဖြင့် ၁၇-၈-၂၀၁၁ ရက်နေ့တွင် MICC ခန်းမ၌ ကျင်းပခဲ့သည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတကြီးက "အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကိုရောက်ရှိနေကြသည့် မြန်မာနိုင်ငံသား တိုင်းရင်းသားများကိုလည်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သွားခြင်းမရှိပါက အချိန်မရွေးပြန်လာနိုင်ရန် မိမိတို့ စဉ်းစားပေးမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

24-9 (08-09).pmd 2 9/24/2011, 2:24 AM

စာမျက်နှာ ၉ မှ

ပြစ်မှုကျူးလွန်ခဲ့သည့်တိုင် ထိုက်သင့်သည့် ပြစ်ဒဏ်ခံယူရန် ပြန်လာမည်ဆိုလျှင်ပင် မိမိတို့ သဘောထားကြီးစွာဖြင့် စဉ်းစားပေးမည်ဖြစ်ကြောင်း'' လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို မိမိနိုင်ငံသို့ ပြန်လာကြရန် ကမ်းလှမ်းပြီး အမျိုးသားပြန်လည်စည်းလုံးရေးကို ဖော်ဆောင်တည်ဆောက်နေပါကြောင်း၊ ပြန်လာကြသူများ၊ ပြန်လာရန်ပြင်ဆင်နေကြသူများရှိနေသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့မြင်နေရပါကြောင်း။

တတိယနည်းလမ်းအနေဖြင့် အခြေခံဥပဒေကို လက်မခံနိုင်ကြသေးသည့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်များ၊ အခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းရေးကို လက်မခံနိုင်ကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေး (သို့မဟုတ်) အမျိုးသားပြန်လည်စည်းလုံးရေးတည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးကမ်းလှမ်းချက် (၁/၂၀၁၁)ကို ထုတ်ပြန်ပြီး ဆွေးနွေးဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယင်းကမ်းလှမ်းချက်အရ ယခုအခါ 'ဝ' အထူးဒေသ(၂) တိုင်းရင်းသားလက်နက်ကိုင်များနှင့်လည်းကောင်း၊ မိုင်းလားအထူးဒေသ (၄) တိုင်းရင်းသားလက်နက်ကိုင်များနှင့်လည်းကောင်း ပြည်နယ်အစိုးရငြိမ်းချမ်းရေးတည်ဆောက်မှုအဖွဲ့တို့ ဆွေးနွေးညှိနှိုင်းပြီး ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီဖြစ်ပါကြောင်း၊ မကြာမီတွင် 'ဝ' နှင့် မိုင်းလားတိုင်းရင်းသားအဖွဲ့များအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုအဖွဲ့နှင့် ဆက်လက်ဆွေးနွေးပြီး ထာဝရငြိမ်းချမ်းရေး (သို့မဟုတ်) အမျိုးသားပြန်လည်စည်းလုံးရေးရရှိအောင် တည်ဆောက်ဖော်ဆောင်နိုင်ကြတော့မည်ဖြစ်ပါကြောင်း၊ အလားတူ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထိတွေ့ဆွေးနွေးမှုများ စတင်နိုင်အောင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါကြောင်း။

တိုးတက်မြှင့်တင်

ဒုတိယရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြင်ဆင်ဖြည့်စွက်သင့်သည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ပြီး အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပယ်ဖျက်အသစ်ရေးဆွဲခြင်း၊ ကုန်သွယ်မှုတိုးတက်မြင့်မားရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုမြင့်မားလာစေရေးတို့အတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးခြင်း၊ အငြိမ်းစားပင်စင်လစာများ တိုးမြှင့်ပေးခြင်းအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ကုန်ထုတ်လုပ်မှုမြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဖော်ဆောင်ပေးခြင်းစသည်ဖြင့် အဘက်ဘက်မှ တိုးတက်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အတူ တတိယရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ပတ်သက်၍လည်း နိုင်ငံရေးတွင် အခြေခံဥပဒေနှင့်အညီ ဖော်ဆောင်ပေးခြင်း၊ စာပေစာနယ်ဇင်း စတုတ္ထမဏ္ဍိုင်နှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်း၊ တာဝန်ဝတ္တရားများနှင့်အညီ လွတ်လပ်ခွင့်များ ပိုမိုဖော်ဆောင်ပေးခြင်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းပြီး လူ့အခွင့်အရေးကိစ္စရပ်များကို အလေးထားအရေးယူဆောင်ရွက်ပေးခြင်း၊ good governance နှင့် clean government ဖြစ်လာအောင် ပြုပြင်ပြောင်းလဲဖော်ဆောင်ခြင်း၊ လွှတ်တော်များအတွင်း ဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာ ကျင့်သုံးဆောင်ရွက်ခြင်း၊ ၁၅-၉-၂၀၁၁ ရက်တွင် လွှတ်တော်နှစ်ရပ်ပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ၂၀၁၁ အခမ်းအနားကျင်းပပြီး မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားလာစေရေး ဆောင်ရွက်ခြင်းစသည်ဖြင့် ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ကြောင့် ယင်းဆောင်ရွက်မှုများကိုကြည့်လျှင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများလိုလားသည့်၊ ဦးအုန်းတင်၏ မေးမြန်းချက်တွင်လည်းပါဝင်သည့် အမျိုးသားပြန်လည်စည်းလုံးရေး (သို့မဟုတ်)ငြိမ်းချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့ကို ပကတိအရှိတရားနှင့် လိုက်လျောညီသည့်နည်းလမ်း၊ ရိုးရှင်းလွယ်ကူသည့်နည်းလမ်း၊ ဝိရောဓိအနည်းဆုံးဖြစ်စေနိုင်သည့် နည်းလမ်းများဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အစိုးရ၏ဆောင်ရွက်ချက်များသည် အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေပြီး အောင်မြင်မှုများလည်း အတိုင်းအတာတစ်ခုအထိ ရရှိနေသည်ကို တွေ့မြင်နိုင်ကြပါကြောင်း၊ သို့သော်လည်း ယင်းလုပ်ငန်းစဉ်များကို ဖော်ဆောင်ကြရာတွင် "အခုရေတွင်းတူး၊ အခုရေကြည်သောက်" ချင်၍မရနိုင်ဟူသည့် မြန်မာ့ဆိုရိုးစကားအတိုင်း အလားတူ "ရောမမြို့ကြီးကို တစ်ရက်တည်းဖြင့် တည်ဆောက်၍ မရနိုင်"ဟူသည့် အနောက်ဆိုရိုးစကားအတိုင်း ထိရောက်သည့် အောင်မြင်မှုများရယူနိုင်ရန်အတွက်မူ ထိုက်သင့်သည့်အချိန် ပေးကြရမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ "ရောဝတီမြစ်ရေတင်စီမံကိန်း (ကျောဇီ)၊ ဆင်တဲဝ (သမက္ကူ)ဆည်တူးမြောင်းမကြီးမှ ရေတင်လုပ်ငန်း(ချောင်းဆုံ)နှင့် ဝဲလောင်ဆည်တူးမြောင်းမကြီးမှရေတင်လုပ်ငန်း(ကန်နီ)တို့အတွက် ရေသောက်တူးမြောင်းစနစ်ပီပြင်စွာ ဆောင်ရွက်ပေးမည့်အစီအမံနှင့် ရေပေးဝေမည့် အခြေအနေကို သိရှိလိုပါကြောင်း" မေးခွန်းနှင့် စပ်လျဉ်း၍ ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၆-၂-၂၀၀၀ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၁-၃-၂၀၀၈ ရက်နေ့တွင် စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် သဲဆန်လွန်းသော မြေသားမြောင်းများဖြစ်ခြင်း၊ ကားလမ်းကူးနှင့်ရထားလမ်းကူးများကို ဖြတ်သန်းဖောက်လုပ်ရခြင်းကြောင့် ရေလေလွင့်မှုများပြားသည့်အတွက် လျာထားဧကပြည့်မီစွာရေပေးဝေနိုင်ခြင်း မရှိခဲ့ပါကြောင်း၊ နှစ်အလိုက် ရေလေလွင့်နည်းအောင် မြောင်းများအားထိန်းသိမ်းမှုဆောင်ရွက်ခြင်း၊ အုတ်လိုင်နင်စီခြင်းဖြင့် ရေပိုမို ပေးဝေနိုင်ရေးဆောင်ရွက်ခဲ့ရာ (၂၀၄၁)ဧကအထိ ရေပေးဝေနိုင်ခဲ့ပြီး လျာထားဧကပြည့်မီအောင် ဆောင်ရွက်သွားရန် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသို့ စီမံဆောင်ရွက်စေပြီးဖြစ်ပါကြောင်း။

ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းအနေဖြင့် ယခုနှစ်ရန်ပုံငွေမှ ရေပေး တူးမြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း မြေကြီးကျင်း(၁၃၀၀၀)အား ပွင့်လင်းရာသီတွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရေပေးစိုက်ဧက (၂၅၀၀) အထိ တိုးတက်ရေပေးနိုင်မည်ဖြစ်ပါကြောင်း။

တောင်သာမြို့နယ် ဆင်တဲဝ(သမက္ကူ)ဆည် လျှပ်စစ်ရေတင်လုပ်ငန်း (ချောင်းဆုံ)၏ စက်မှု/လျှပ်စစ်လုပ်ငန်းများနှင့် ဆက်စပ်တူးမြောင်းလုပ်ငန်းများကို ၂၀၀၃-၂၀၀၄ခုနှစ်တွင်ပြီးစီးခဲ့ပြီး ရေသောက်ဧရိယာ ဧက(၅၀၀)ခန့်ကို ရေပေးဝေနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါဆည်အနေဖြင့် ရေဝင်ရောက်မှု မပြည့်မီခြင်းကြောင့် လျာထားဧက (၃၀၀၀)အနက် နှစ်စဉ်ပျမ်းမျှ မိုးစပါး (၁၁၅၂) ဧကနှင့် နွေစပါး ဧက (၁၉၀)ခန့်ကိုသာ စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ဆည်အတွင်း ရေဝင်ရောက်မှုကောင်းမွန်၍ ရေလုံလောက်မှုရှိပါက လျှပ်စစ်ရေတင် ဧက (၅၀၀)ကိုလည်း ရေပေးဝေနိုင်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ဝဲလောင်(ကန်နီ)လျှပ်စစ်ဆည်ရေတင်လုပ်ငန်း၏ စက်မှု/လျှပ်စစ်လုပ်ငန်းများနှင့် ဆက်စပ် ရေပေးတူးမြောင်းများကို ၂၀၁၁ ခုနှစ် မေလတွင် ပြီးစီးခဲ့သော်လည်း ဝဲလောင်ရေပေးမြောင်းမကြီး၏ ရေသွယ်လျှောက်သည် ဂီရိမုန်တိုင်းကာလအတွင်း ပျက်စီးသွားခဲ့သဖြင့် သံမဏိသံပေါင်များဖြင့် အခိုင်အမာ ပြန်လည်တည်ဆောက်လျက်ရှိရာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလအတွင်း ပြီးစီးမည်ဖြစ်၍ သိုလှောင်ထားပြီးဖြစ်သည့်ရေဖြင့် ရေသောက် ဧရိယာများကို ရေပေးဝေနိုင်မည်ဖြစ်ပြီး ပိုလျှံသောရေများကို ပတ်ဝန်းကျင် အနီးအနားကျေးရွာများသို့ သောက်သုံးရေအဖြစ် ပေးဝေသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း၏ "မွန်ပြည်နယ် သထုံမြို့နယ်ရှိ မရမ်းကုန်းနှင့် ဆိတ်ကျွန်းရေထိန်းတံခါးတို့၏ အောက်ဘက် ရေဆင်းလမ်းကြောင်း တိမ်ကောလာသည့်အတွက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းအား မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါ ရေထိန်းတံခါးနှစ်ခုသည် ပင်လယ်နှင့် အတန်အသင့်ဝေးသည့်နေရာ၌ တည်ရှိခြင်းကြောင့် ပင်လယ်ဒီရေတက်စဉ် ကာလများတွင် နုန်းထိုင်မှုများကို နှစ်စဉ်ကြုံတွေ့နေရ၍ ထိုနုန်းများကို ဖယ်ရှားရန်၊ မိုးကုန်၍ ပင်လယ်ရေကျချိန် ရေချိုအသုံးမပြုမီကာလ၌ ရေတံခါး၏ ပင်လယ်ဘက်ခြမ်းကိုဖွင့်၍ ရေများထုတ်စေခြင်းဖြင့်လည်းကောင်း၊ မိုးတွင်းကာလ၌ မိုးရေနှင့်ကွင်းရေများကို ထုတ်နုတ်ပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ရပါကြောင်း၊ ထို့ပြင် တိမ်ကောလာသည့် ရေထုတ်လမ်းကြောင်းကိုလည်း တူးဖော်ဆောင်ရွက်ပေးရန် လိုအပ်သဖြင့် လုပ်ငန်းဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေ ခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

စောင့်ကြည့်လေ့လာ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးညီညီထွန်း၏ "ကော့ထင်း၊ ဘိုရားကြီး၊ မုက္ခမူ၊ မလော့ချောင်းနှင့် ကျိုက္ကသာကျေးရွာများသည် နှစ်စဉ်လိုလိုပင် ဆားငန်ရေကြောင့် သီးနှံပျက်ပြီး အထွက်နှုန်း ကျဆင်းရသဖြင့် ကျိုက္ကသာကျေးရွာမှ ကော့ထင်း ကျေးရွာအထိ ရေငန်တား(တာတမံ)တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် ကျိုက္ကသာမှ ကော့ထင်းကျေးရွာအထိရေငန်တားတမံတည်ဆောက်မည်ဆိုပါက အလျား(၈)မိုင်ခန့်ရှိမည်ဖြစ်ပြီး ချောင်းရိုးမြောင်းရိုး (၂၀)ခန့်ကို ကျော်ဖြတ်ရမည်ဖြစ်၍ ရေတံခါးများလည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ရေငန်တားတာတည်ဆောက်မည့်နေရာသည် စစ်တောင်းမြစ်ကမ်းဘေးဖြစ်ပြီး သောင်နုမြေများဖြစ်ခြင်း၊ ကမ်းတည်ငြိမ်မှု မရှိသေးခြင်းတို့ကြောင့် လက်ရှိအနေအထားတွင် တာတမံတည်ဆောက်ရန် မသင့်လျော်သေးကြောင်း၊ ကမ်းတည်ငြိမ်မှုအခြေအနေကို စောင့်ကြည့်လေ့လာရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ "ကြံခင်းမြို့နယ် ကွန်ချောင်းရေလှောင်တမံ၏ ရေချပေါက် (Drop)များတွင် အသေးစားရေအားလျှပ်စစ်တာဘိုင်စက်များ တပ်ဆင်၍ ဆက်စပ်ကျေးရွာများသို့ မီးပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ကွန်ချောင်းရေလှောင်တမံ တူးမြောင်းမကြီး၏ ရေချပေါက်များအနက် အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်ရန် အခြေအနေပေးသည့် ရေချပေါက်(၇)ခုတွင် ရေအားလျှပ်စစ်(၃) ကီလိုဝပ် ထုတ်လုပ်နိုင်မည့် တာဘိုင် (၇) လုံးအားတပ်ဆင်၍ ကျေးရွာအုပ်စု(၇)ခုသို့ လျှပ်စစ်မီးပေးဝေနိုင်ရန် ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ဆောင်ရွက်ရန် စီမံထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က ဆက်သွယ်ရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

စတင်အသုံးပြုနိုင်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝှေ့ယိန်း၏ "ပလက်ဝမြို့နယ်တွင် GSM ၊ CDMA ကဲ့သို့ အဝေးအနီးဆက်သွယ်ပြောဆိုနိုင်သည့် ဆက်သွယ်ရေးစနစ်ကိုရိယာတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် ပလက်ဝမြို့တွင် လက်လှည့်အိတ်ချိန်း (၁)ခု၊ လိုင်းခွဲတယ်လီဖုန်း (၃၀) လိုင်း၊ အဝေးဆက်သွယ်မှုအတွက် ရန်ကုန်ဖုန်းလိုင်း (၄)လိုင်းပါဝင်သော MPT Satellite Terminal (၁)စုံ တပ်ဆင်ထားရှိပြီး အများပြည်သူသုံး တယ်လီဖုန်းစခန်း (PCO) ဖွင့်လှစ်ပေးထားပါကြောင်း၊ စုစုပေါင်း MPT Satellite Terminal (၆)စုံဖြင့် လိုင်း (၇၅၀)ပါ မိုဘိုင်းဖုန်း တပ်ဆင်ခြင်းလုပ်ငန်းအား စက်တင်ဘာလမှစ၍ မြေနေရာရွေးချယ်သတ်မှတ်ခြင်း၊ စက်မှုအဆောက်အအုံဆောက်လုပ်ခြင်း၊ တာဝါဖောင်ဒေးရှင်းလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရေဒီယိုစက်ပစ္စည်းများ ပို့ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာစတုတ္ထပတ်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်းနှင့် အော်တိုတယ်လီဖုန်း အိတ်ချိန်းတပ်ဆင်ခြင်းလုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်၏ "GSM Mobile ဖုန်းကွန်ရက်ကို လမ်းပန်းဆက်သွယ်သွားလာရေး ခက်ခဲသော တောင်ပေါ်ဒေသနေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှမ်းခြုံမှုပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ တွန်းဇံမြို့ CDMA-450 လိုင်း(၇၅၀)တပ်ဆင်ခြင်းလုပ်ငန်းအား မြေနေရာရွေးချယ် သတ်မှတ်ခြင်း၊ စက်မှုအဆောက်အအုံဆောက်လုပ်ခြင်း၊ တာဝါဖောင်ဒေးရှင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေဒီယိုစက်ပစ္စည်းများ ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ စတုတ္ထပတ်တွင် စတင်အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ တွန်းဇံမြို့ GSM လိုင်း(၇၀၀)တပ်ဆင်ခြင်းလုပ်ငန်းအား GSM မိုဘိုင်းတိုးချဲ့ခြင်းစီမံကိန်းဒုတိယနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး၏ "မြန်မာ့ဆက်သွယ်ရေးဌာန ကြိုးဖုန်းများသည် ဆက်သွယ်ရေးပြတ်တောက်မှုများ မကြာခဏကြုံတွေ့နေရသဖြင့် မည်သည့်နည်းဖြင့် အမြန်ဆုံးဆက်သွယ်ရရှိအောင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ကြိုးဖုန်းဆက်သွယ်ရေးတွင် ပျက်စီးချို့ယွင်းသော ကေဘယ်လ်ကြိုးများကို အစားထိုး လဲလှယ်ပေးနိုင်ရန်အတွက် ဝန်ကြီးဌာန၏ နှစ်စဉ်ငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ခွင့်ပြုရရှိသော ရန်ပုံငွေ အတိုင်းအတာဖြင့် အစားထိုး လဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တယ်လီဖုန်းဆက်သွယ်ပြတ်တောက်မှုများဖြစ်ပါက ဒေသအတွင်း တယ်လီဖုန်းချို့ယွင်းမှုတိုင်ကြားရန် သက်ဆိုင်ရာအော်တိုအိတ်ချိန်းရှိ Complaint ဖုန်းသို့လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Complaint ဖုန်း(၁၀၂)သို့ လည်းကောင်း၊ နေပြည်တော်တွင် Complaint ဖုန်း (၁၀၆)သို့ လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်ပြီး တိုင်ကြားမှုရရှိပါက သက်ဆိုင်ရာဌာနမှ အမြန်ဆုံး လာရောက်ပြုပြင်ရန် အစီအစဉ်ချမှတ်ထားပြီး ဖြစ်ပါကြောင်း။

တိုးချဲ့တပ်ဆင်

၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ အော်တိုတယ်လီဖုန်းလိုင်းပေါင်း (၇၅၀၀၀)ခန့်သာ ရှိခဲ့ရာမှ ယခုအခါတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တယ်လီဖုန်းလိုင်းပေါင်း (၅၉၀၀၀၀)ခန့် တိုးချဲ့တပ်ဆင်ခဲ့သော်လည်း မူလဝန်ထမ်း အင်အားဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေရပါသဖြင့် အနည်းငယ်ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါကြောင်း။

ယခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့်လည်းကောင်း၊ မြစ်ရေကြီး၍ အိတ်ချိန်းနှင့် မြေအောက်ကေဘယ်လ်ကျင်းများအတွင်း ရေများဝင်ရောက်မှုကြောင့်လည်းကောင်း၊ လေပြင်းတိုက်ခတ်မှုများကြောင့်လည်းကောင်း လိုင်းပျက်များခဲ့ပြီး ကြန့်ကြာမှုအနည်းငယ်ရှိခဲ့သော်လည်း ပြုပြင်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ "မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လိုင်းဖုန်းများအား ကြိုတင်သတိပေးစနစ်နှင့်ငွေသွင်းပြီးပါက တစ်နာရီအတွင်း ပြန်လည်ဖွင့်ပေးနိုင်သောစနစ် ကျင့်သုံးပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းဌာန တယ်လီဖုန်းအခွန်ဝင်ငွေဌာနစိတ်သည် ယခင်က ဝန်ထမ်း (၁၀၀)ခန့်ဖြင့် ဖုန်းလိုင်း(၇၅၀၀၀)ခန့် အတွက် ဆောင်ရွက်ခဲ့ရာမှ ယခုအခါ ဝန်ထမ်း (၅၀၀)ခန့်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လိုင်းဖုန်း (၅၉၀၀၀၀) ခန့်နှင့် မိုဘိုင်းဖုန်း(၁၅၀၀၀၀၀)ခန့်ကို ဝန်ဆောင်မှုပေးနေရခြင်းဖြစ်ရာ လုပ်ငန်းပမာဏကြီးမားသည့်အတွက် ငွေပေးသွင်းပြီးသော ဖုန်းလိုင်းများကို ချက်ချင်းပြန်လည်မဖွင့်လှစ်နိုင်မှုများ ရှိနေရခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်၍၂၇-၇-၂၀၁၁ ရက်နေ့မှစတင်၍ Online Phone Bill Payment System ကို အသုံးပြုပြီး ဘဏ်များမှတစ်ဆင့် တယ်လီဖုန်းအခွန်ငွေပေးချေမှုများကို ရန်ကုန်မြို့ရှိ ဖုန်းလိုင်းများအား လက်ခံဆောင်ရွက်ပေးနေပြီဖြစ်ပြီး အခြားမြို့များတွင်လည်း ဤစနစ်ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ လိုင်းဖုန်းကြိုတင်ငွေပေးစနစ် PSTN Prepaid System စတင်အသုံးပြုနိုင်ရန်အတွက်လည်း စက်ပစ္စည်းများ မှာယူထားပြီးဖြစ်၍ ရန်ကုန်နှင့် မန္တလေးမြို့များရှိ တယ်လီဖုန်းလိုင်း (၅၅၀၀၀)ခန့်အား ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး နောက် (၃)လအကြာတွင် တစ်နိုင်ငံလုံးရှိ တယ်လီဖုန်းလိုင်း (၂၀၀၀၀၀)ခန့်အား ဒုတိယအဆင့်အဖြစ်လည်းကောင်း၊ ကျန်တယ်လီဖုန်းလိုင်း အားလုံးကို နောက် (၆)လအကြာတွင် တတိယအဆင့်အဖြစ်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၏ "ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်မည့် ရေရှည်ရေတို ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အစိုးရသစ်အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစတင်ခဲ့သော နိုင်ငံတော်၏ မူလနှစ်(၃၀) နှစ်ရှည်စီမံကိန်းအပေါ်အခြေခံ၍ ပဉ္စမကာလတို (၅)နှစ် ပြည်ထောင်စုအဆင့် အမျိုးသားစီမံကိန်းကိုရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ လည်းကောင်း၊ ဒေသန္တရစီမံကိန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ရေးဆွဲပြီး လွှတ်တော်များသို့လည်းကောင်း တင်ပြသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

အလွန်နည်းပါး

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ "ပလက်ဝမြို့ အရှေ့ဘက်ကမ်းရှိ ရပ်ဝ၊ မီးလက်ဝကျေးရွာနှင့်သစ်တောကြိုးဝိုင်းမှ တချို့တစ်ဝက်ကို မြို့ဧရိယာတွင် ထည့်သွင်းသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက ပလက်ဝမြို့၏ လူဦးရေတိုးနှုန်းသည် နိုင်ငံတော်၏ လူဦးရေတိုးနှုန်းနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးနေသေးကြောင်း။

တိုးချဲ့ရန်အဆိုပြုတင်ပြထားသည့် ကုလားတန်မြစ် အရှေ့ဘက်ကမ်းဒေသသည် ကုလားတန်ကြိုးဝိုင်းအတွင်း ကျရောက်လျက်ရှိရာ နိုင်ငံတော်နှင့် သက်ဆိုင်ရာဒေသတို့အကျိုးအတွက် ရည်ရွယ်ချက်ကြီးမားစွာဖြင့် ဖွဲ့စည်းခဲ့ပြီး ကာလရှည်ကြာထိန်းသိမ်းလာခဲ့သည့် ကြိုးဝိုင်းမြေကို မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် အကြောင်းပြချက်မျိုးဖြင့် ပယ်ဖျက်ရန်မှာ ယေဘုယျအားဖြင့် ဆောင်ရွက်ခြင်းမပြုသင့်သော ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ သို့ရာတွင် အနာဂတ်ကာလ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အရေးကြီးသည့် စီမံကိန်းကြီးများဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လာသည့်အခါ နိုင်ငံတော်၏ အကျိုးအတွက် ကြိုးဝိုင်းမြေကို ပြင်ဆင်ပယ်ဖျက်ရန် ဆောင်ရွက်ပေးနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ပြန်လည်ထူထောင်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင်၏ "မိမိအစိုးရအား ယုံကြည်အားကိုး၍ လာရောက်ခိုလှုံနေကြသော ပြည်သူများကို နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများပြုလုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ဘေးသင့်အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေး ပစ္စည်း(၆)မျိုးပါ တစ်ယူနစ်စီနှင့် ဆန်ဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးငွေများကို ကယ်ဆယ်ရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခု ကချင်ပြည်နယ်အတွင်း အချို့နေရာများ၌ နယ်မြေလုံခြုံရေးအခြေအနေအရ ပြောင်းရွှေ့လာကြသူ အိမ်ထောင်စု (၁၃၉၇)စုမှ လူဦးရေ (၅၅၈၀)ဦးအား ကချင်ပြည်နယ် အစိုးရအနေနှင့် နီးစပ်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများနှင့် အခြားအဆောက်အအုံများတွင် ကယ်ဆယ်ရေးစခန်း(၃၈)ခု ဖွင့်လှစ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါဘေးဒုက္ခသည်များအား ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ငွေကျပ် (၁၃၂၀၉၈၂၈၆) တန်ဖိုးရှိ ငွေသားနှင့် စားစရာ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များ၊ ဆေးဝါးများကိုလည်း လှူဒါန်းခဲ့ကြပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ တင်ပြချက်အပေါ်မူတည်ပြီး ဆက်လက်၍ ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှဦးခမ်ဆွင်းမုန်၏ "တီးတိန်မြို့တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ သိုင်းငင်း-တီးတိန်ကားလမ်း (၁၁)နေရာတွင် တောင်ပြိုပြီး ကားလမ်းပျက်စီးပိတ်ဆို့ခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ *စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

စာမျက်နှာ ၁၀ မှ

၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့ ညနေတွင် မြေပြိုပိတ်ဆို့သွားသည့် သိုင်းငင်း-တီးတိန်ကားလမ်းမှာ ယာဉ်များသွားလာနိုင်အောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

တီးတိန်မြို့နယ် သောက်သုံးရေပိုက်များ ပေ (၃၀၀)ခန့် ပျက်စီးခဲ့မှုအပေါ် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးဦးစီးဌာနကလည်းကောင်း၊ ဇလွီးရေအား လျှပ်စစ်ရေသွယ်မြောင်း သံကူကွန်ကရစ် ပေ(၁၀၀)ခန့် ကျိုးပဲ့ပျက်စီးမှုကို ပြည်နယ်လျှပ်စစ်၊ တီးတိန်မြို့နယ် လျှပ်စစ်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက လည်းကောင်း၊ တွန်းဇံမြို့ တွီးဆောမ်းရေအားလျှပ်စစ်ရေသွယ်မြောင်း ပေ (၁၀၀)ခန့် ကျိုးပဲ့ပျက်စီးမှုကို ပြည်နယ်လျှပ်စစ်၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူလူထုများမှ ပူးပေါင်း၍လည်းကောင်းပြင်ဆင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေနှင့်မျောပါပျက်စီးသွားသော ကျေးရွာချင်းဆက်တံတား (၁၀)စင်းအား ပြင်ဆင်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ပြီး နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေရရှိရေး တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

တီးတိန်မြို့နယ်တွင် မြေပြိုမည်ကိုစိုးရိမ်၍ ပြောင်းရွှေ့သည့် ဆွောင်းပီးရွာမှ အိမ် (၁၅)အိမ်နှင့် လိုင်ဘုံကျေးရွာမှ အိမ်(၅)အိမ်တို့အတွက် လိုအပ်သော ဆန်နှင့် အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပြီး လယ်စပါးဧက (၅၀)ခန့် ရေသွယ်မြောင်း မြေပြိုပျက်စီးမှုအတွက် ပျက်စီးသွားသော ရေသွယ်မြောင်းများကို ပြန်လည်ပြုပြင်ပြီး ရေပေးဝေနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ကူညီ ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကျေးရွာ (၁၁)ရွာရှိ ကိုယ့်အားကိုယ်ကိုး အသေးစားရေအားလျှပ်စစ် ရေသွယ်မြောင်းများ၊ ရေကန်များ ပဲ့ကျပျက်စီးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ညှိနှိုင်း၍လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေး၍လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထုတ်လုပ်ဖြည့်တင်း

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး၏ **"မြန်မာပြည်တစ်ဝန်း မီးသတ်ဌာနများတွင်ပေးထားသော မီးသတ်ယာဉ်ဟောင်းကြီးများအား ဖျက်သိမ်းပြီး ခေတ်စနစ်နှင့်လျော်ညီသော မီးသတ်ယာဉ်ဖြင့် ပြောင်းလဲပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ၁၉၉၄-၁၉၉၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ (၁၇)နှစ်တာကာလအတွင်း ပြည်ပမှ ဝယ်ယူဖြည့်တင်းပေးသည့် မီးသတ်ယာဉ် (၂၁၄)စီး၊ မီးသတ်ဦးစီးဌာနတွင် ပြုပြင်တည်ဆောက်ထုတ်လုပ်သည့် မီးသတ်ယာဉ် (၃၅၅)စီး၊ စုစုပေါင်း မီးသတ်ယာဉ် (၅၆၉)စီး ဖြည့်တင်းပေးနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် ရေဂါလန်(၁၂၀၀)ဆံ့ မီးသတ်ယာဉ် (၂၈)စီးနှင့် ရေဂါလန် (၆၀၀)ဆံ့ မီးသတ်ယာဉ် (၁၆)စီး စုစုပေါင်း ပြုပြင်တည်ဆောက် မီးသတ်ယာဉ် (၄၄)စီး ထုတ်လုပ်ဖြည့်တင်းသွားရန် ရှိပါကြောင်း။

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၊ ဇေယျဝတီ အရန်မီးသတ်စခန်းရှိ ဖို့ဒ်ဆန်းမီးသတ်ယာဉ်အား ဇေယျဝတီဒေသ အုပ်ချုပ်ရေးမှူးမှ တာဝန်ယူထိန်းသိမ်း၍ မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဂါလန် (၁၂၀၀) ဆံ့ တည်ဆောက်ပြုပြင်မီးသတ်ယာဉ်(၁)စီးကို ယခုဘဏ္ဍာရေးနှစ်မကုန်မီ နိုင်ငံတော်အနေဖြင့် ဖြည့်တင်းပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၆ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း (၂၀)ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပညာသင်ထောက်ပံ့ငွေများ ပေးအပ်

စက်တင်ဘာ ၁၈ ရက်က တက္ကသိုလ်နှင့် အခြေခံကျောင်းများတွင် ပညာသင်နေကြသော ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှအဖွဲ့ဝင် သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းတွင် ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးတင်အေး(ငြိမ်း)က တက္ကသိုလ် ကျောင်းသူတစ်ဦးအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (ဝ၄၃)

ဆင်ဖြူကျွန်းမဂ္ဂဇင်း ထုတ်ဝေမည်

ရန်ကုန် စက်တင်ဘာ ၂၃

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏ ပထမအကြိမ်မဂ္ဂဇင်းကို ဒေသခံတို့၏ စာပေအထုံအလေ့ကို မြေတောင်မြှောက်ပေးရန် ရည်ရွယ်၍ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ အရွှန်းအဖောက်စသော စာပေရေးရာကဏ္ဍစုံဖြင့် ထုတ်ဝေမည်ဖြစ်ရာ ဒေသခံစာပေပညာရှင်၊ ဝါသနာရှင်များသည် မိမိတို့ရေးသားထားသော စာမူများကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဆင်ဖြူကျွန်းဒေသတွင် ကိုနန္ဒာစိုးနှင့် ကိုတင်မိုးလွင်တို့ထံလည်းကောင်း၊ ရန်ကုန်မြို့တွင် ဦးမြင့်ဦး ဖုန်း-၀၁-၅၅၀၅၄၃၊ ဦးမောင်မောင်လင်း ဖုန်း-၀၉-၈၆၁၄၀၁၂ နှင့် ဦးခင်ထွန်း ဖုန်း-၀၉-၅၁၇၀၃၂၉ တို့သို့လည်းကောင်း ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းစည်းဝေး

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်း ဒေသကြီးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါအားထားရသော တိုင်းဒေသကြီးဖြစ်၍ ဌာနအလိုက်၊ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ကြသော ဝန်ထမ်းများအားလုံး တာဝန်သိသိသစ္စာရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက် မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့၏ ရသုံးခန့်မှန်းခြေငွေစာရင်းအား ရေးဆွဲ၍ မိမိဘတ်ဂျက်အလိုက် ရပ်တည်ဆောင်ရွက်သွားရမည်ဖြစ်၍ ဌာနဆိုင်ရာအလိုက် စာရင်းဇယားကိန်းဂဏန်းများ မှန်မှန်ကန်ကန်တင်ပြရန်နှင့် ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းအဖွဲ့အစည်းများက အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်များအောင်မြင်စွာ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အသိပညာပေးဟောပြော

စက်တင်ဘာ ၂၂ ရက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို လှိုင်မြို့နယ် အထက(၁) ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်က လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် သတိပြုရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများနှင့်ဓာတ်လိုက်မှု အန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများကို အသိပညာပေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

အိန္ဒိယ၌ အထည်စက်ရုံမီးလောင် သုံးဦးသေဆုံး၊ ၁၅ ဦး ဒဏ်ရာရ

နယူးဒေလီ စက်တင်ဘာ ၂၃

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရတ်ရှ်ထရာပြည်နယ် သိန်းမြို့မှ အထည်စက်ရုံတစ်ရုံ စက်တင်ဘာ ၂၂ ရက် နံနက်စောစောက မီးလောင်သဖြင့် သုံးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိသွားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

စုံစမ်းစစ်ဆေး

စက်ရုံတွင် အလုပ်သမားများ ညဆိုင်းဆင်းနေစဉ် စက်တင်ဘာ ၂၂ ရက် နံနက်စောစောက မီးစတင်လောင်ခြင်းဖြစ်သည်။ စက်ရုံမီးလောင်သဖြင့် ထိခိုက်ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံသို့ အမြန်တင်ပို့လိုက်ပြီး မီးလောင်မှုကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှု ငါးဦးသေဆုံး၊ ကိုးဦးဒဏ်ရာရ

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဘာဂျောလူမျိုးစုများဒေသတွင် စက်တင်ဘာ ၂၂ ရက် နံနက်က ဘတ်စ်ကားနှစ်စီး လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရသဖြင့် ငါးဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီ မိနစ် ၂၀ခန့်က လမ်းဘေး၌ ထောင်ထားသည့် ဗုံးနှစ်လုံးကို အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲသဖြင့် ဘတ်စ်ကားနှစ်စီး ထိမှန်သွားသည်။

ထိမှန်

ခရီးသည်တင် ဘတ်စ်ကားသုံးစီး လမ်းဖြတ်မောင်းစဉ် အမည်မသိအကြမ်းဖက်သမားများက အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲတိုက်ခိုက်သော်လည်း ဘတ်စ်ကားနှစ်စီးသာ ထိမှန်ပျက်စီးသွားသည်။ တတိယဘတ်စ်ကားမှာ အနည်းငယ်သာ ထိမှန်သည်။ သေဆုံးသူငါးဦးတွင် အမျိုးသမီးများနှင့် ကလေးများ ပါဝင်သည်။ **(ဝဲပုံ)**

ကြေညာခြင်းမရှိ

မည်သည့်အဖွဲ့အစည်းကမျှ ၄င်းတို့လက်ချက်ဖြစ်ကြောင်း ယခုအထိ ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။ **(အင်တာနက်)**

ရုရှား၌ ဗုံးခွဲတိုက်ခိုက်မှု တစ်ဦးသေဆုံး

မော်စကို စက်တင်ဘာ ၂၃

ရုရှားနိုင်ငံ အနောက်တောင်ပိုင်း ဒါချက်စတန်ဒေသတွင် စက်တင်ဘာ ၂၂ ရက် စောစောပိုင်းက ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားစဉ်အတွင်း လူတစ်ဦး သေဆုံးပြီး ၆၁ ဦး ဒဏ်ရာရသွားကြောင်း၊ ဒဏ်ရာရသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြောင်း အီတာတာ့စ်သတင်းဌာနက ကြေညာသည်။

လူတစ်ဦးက မော်တော်ကားအတွင်း လျှို့ဝှက်ထောင်ထားသည့် ဗုံးတစ်လုံးကို ဒါဂျက်စတန်မြို့တော် မာခက်ကာလ၌ ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁ နာရီခွဲက ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ ရုတ်တရက်ရောက်ရှိစဉ် ဒုတိယဗုံးဖောက်ခွဲသည်။ အဆိုပါတစ်နေရာတည်း၌ ဗုံးခွဲမှုနှစ်ကြိမ် ဖြစ်ပွားရာတွင် ဒုတိယဗိုလ်မှူးကြီးတစ်ဦး သေဆုံးပြီး လူ ၆၀ ကျော် ဒဏ်ရာရရှိသည်။ **(အင်တာနက်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၀၀ ၇။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၈။ **ဖွံ့ဖြိုးတိုးတက်မှုအစုံ မုံရွာစက်မှုဇုန်**
၈း၂၅ ၉။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား)**
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၀၅ ၂။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၄း၀၀ ၄။ **နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ**
၁၄း၁၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ရှောင်ဂွန်း** (အပိုင်း-၉)
၁၅း၀၀ ၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ တေးဂီတအစီအစဉ်
၄း၁၅ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၂၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၅ ၆။ **ဆည်းဆာချိန်လေးလှပါစေ** ပြေတီဦး၊ဖိုးသောကြာ၊ မင်းရာဇာ၊ ခိုင်နှင်းဝေ၊မျိုးစန္ဒီကျော်၊ ပုလဲဝင်း [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
၅း၂၀ ၇။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသမီး)**
၅း၃၅ ၈။ **အောင်မြင်ပွင့်လန်း ရွှေတောင် အဆင့်မြင့်တစ်ခေတ်ဆန်း**
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၃၅ ၁၂။ ယဉ်တစ်ကိုယ်မယ်
၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၁၇)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြဇာတ်ဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အတွေ့အကြုံပြခွေးနွေးခန်း
၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၅၁)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသော ရုပ်သံလွှင့်မှူး** (အပိုင်း-၁၁)
၂၀။ **ဂီတတံခါးလေးဖွင့်ပါဦး**
၂၁။ အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃-၉-၂၀၁၁

တောင်ငူမြို့	၃ ဒသမ ၁၅ လက်မ
ဟင်္သာတမြို့	၂ ဒသမ ၇၆ လက်မ
ဟုမ္မလင်းမြို့	၂ ဒသမ ၂၄ လက်မ
တောင်တွင်းကြီးမြို့	၁ ဒသမ ၈၆ လက်မ
လောင်းလုံမြို့	ဝ ဒသမ ၇၇ လက်မ
သရက်မြို့	၁ ဒသမ ၆၅ လက်မ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ လက်ရွေးကြီးရပ်၊ အကွက် (၃၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော ဒီမိုကရက်တစ်မဟာမိတ်ပါတီ (DEMOCRATIC ALLIANCE PARTY) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၉-၂၀၁၁ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒီမိုကရက်တစ်မဟာမိတ်ပါတီ (DEMOCRATIC ALLIANCE PARTY) ၏ အလံပုံစံ



ဒီမိုကရက်တစ်မဟာမိတ်ပါတီ (DEMOCRATIC ALLIANCE PARTY) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅၊ မြေကွက်အမှတ် ၁၆၅၊ မြေကွက်တည်နေရာ အမှတ်-၁၆၅၊ သခင်မြလမ်း ၃၅ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဒေါ်ဝင်းသီသီ AD-၀၇၀၅၉၇ အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဒေါ်ဝင်းသီသီထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၂၁၆/၂၀၀၆ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်လွင်မြင့်က ပါဝါမူရင်း ပျောက်ဆုံးကြောင်းနှင့် ပြန်လည်မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာနှင့် ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

HAPPY WORLD

10 KVA မှ 2000 KVA အထိ
Contact:

ခစ်ဂျစ်တယ် ရွှေဖိစက် နှင့် စားပွဲတင် UV Coating စက် Product Launching Ceremony

Name Card Note Book Diary Calendar
AUDLEY Digital Hot Stamping Machine & UV Laminating Machine
Showroom & Contact
THE NEXTEC
No. 176, Ground Floor, Botahtaung Pagoda Rd, Yangon.
Tel : 95- 01- 200 820, 09- 730 32716, 09- 49 290 967,
09 550 2615 Hot Line : 09 855 3203 Fax : 01- 293395
THE NEXTEC
Date : 26.9.2011 (Monday)
Vanue : SAKURA TOWER (20th Floor)
Sule Pagoda Rd & Bogyoke Rd
Time : 2:30 pm to 4:30 pm

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား ရန်ကုန်မှ စီမံကိန်းနေရာများသို့ ပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** ၂၆-၉-၂၀၁၁ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** ၂၉-၉-၂၀၁၁ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** ၁၆း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

Thet Tant Yaung Co., Ltd. 09-73113101

India Airline
Shopping

ပျောက်ဆုံးခြင်း

ကျွန်တော်၏ Publica ယာဉ်အမှတ် (န/၉၂၅၇)၏ ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ မြန်မာ့စီးပွားရေးဘဏ်(၃) ငွေစုစာအုပ်နှင့် ၀၉-၅၀-၄၉၆၅၉ ဖုန်းငွေသွင်းစာအုပ်များသည် ၂၁-၉-၂၀၁၁ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၀-၄၉၆၅၉

အမည်ပြောင်း

ပင်လုံမြို့ အမက(၂) ဒုတိယတန်း(ခ) မှ ဦးမောင်ဖြူ ၁၃/လလန(နိုင်)၀၄၆၀၃၈ ၏သား စိုင်းဝေယံဟိန်းအား စိုင်းရှိန်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **စိုင်းရှိန်းထက်အောင်**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကံဝင်း ၁၂/အစန(နိုင်)၀၈၄၈၆၁၏ ပထမတန်းရေယာဉ်အုပ်စက်ခန်းလက်မှတ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၂၀၀၃၉၀**

ပျောက်ဆုံးခြင်း

ကျွန်မ မဆိုင်းမိုင်၏ နိုင်ငံကူးလက်မှတ်အမှတ်- A-385513 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၆၆၅၂၆၅**

ပျောက်ဆုံးခြင်း

ဆရာတော်ဦးစန္ဒ(အဖဦးမောင်ရှိန်) ၃/ဘအန(သ)၀၀၂၈၇၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၈၁၁၀၀၈**

ပုလဲမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

ပုလဲ စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုအောက်ရှိ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီမှ စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် ပုလဲမြို့နယ် လက်တောင်းကြီးစံပြကျေးရွာ ကျေးလက်ခန်းမ၌ လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ကုက္ကိုကုန်းကျေးရွာ ရွာဦးဓမ္မာရုံ၌လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် ဦးနှောက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းအခမ်းအနားများ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းအောင်နှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးဇော်ထွန်းအောင်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘကျော်က ငွေထုတ်ချေးခြင်းဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ထုတ်ချေးခဲ့

ထို့နောက် လက်တောင်းကြီးစံပြကျေးရွာ၌ အစုအဖွဲ့ ရှစ်ဖွဲ့မှ အဖွဲ့ဝင် ၄၀ အား ချေးငွေကျပ် သိန်း ၂၀၈၀၀၀၊ စေတီယံကျေးရွာ၌ အစုအဖွဲ့ ၁၀ ဖွဲ့မှ အဖွဲ့ဝင် ၅၀အား ချေးငွေကျပ်သိန်း ၂၀၀၀၀၀၀ နှင့် ဦးနှောက်ကျေးရွာ၌ အစုအဖွဲ့ ၁၇ ဖွဲ့မှ အဖွဲ့ဝင် ၇၇ ဦးတို့အား ချေးငွေကျပ်သိန်း ၂၀၀၀၀၀၀ ထုတ်ချေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝက်မွေးမြူရေး အစုအဖွဲ့များသို့ မြောင်းမြမြို့နယ်၌ မတည်ရင်းနှီးငွေထုတ်ပေး

မြောင်းမြ စက်တင်ဘာ ၂၃

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းအဖြစ် မွေးမြူရေးနှင့်သားငါးကဏ္ဍလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေးအစုအဖွဲ့များသို့ မတည်ရင်းနှီးငွေပေးအပ်ပွဲ အခမ်းအနားကို မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာ၌ စက်တင်ဘာ ၁၄ ရက်က ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာစိုးမြင့်အောင်တို့က ပြင်ရွာကျေးရွာ ဝက်မွေးမြူရေးအစုအဖွဲ့ဝင် ၁၂၂ ဦးအတွက် မတည်ရင်းနှီးငွေကျပ် ၈၁ သိန်းကို မွေးမြူရေးအစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်အဖွဲ့ထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လက်လုပ်လက်စား ဈေးသည်များအတွက် ဟင်္သာတ၌ ချေးငွေပေးအပ်

ဟင်္သာတ စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းကော်မတီ၊ ငွေစုငွေချေးလုပ်ငန်းမှ လက်လုပ်လက်စား ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအား ချေးငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ရက် မွန်းလွဲ ၂နာရီက သုံးပင်ကွင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်က ချေးငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခေါင်းရွက်ဗျပ်ထိုးဈေးသည် ၃၀ အား တစ်ဦးလျှင် ကျပ်သုံးသောင်းစီဖြင့် စုစုပေါင်းငွေကျပ် ၉၀၀၀၀၀ ကို အစုငွေထည့်ဝင်သူများကိုယ်စား ဒေါ်ဝင်းကြည် (ဗိုလ်ကြီး-ငြိမ်း) ဖြူစင်မေတ္တာဆန်စက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးထံသို့ ပေးအပ်ခဲ့ကြောင်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်းစီ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၇၅)**

ဖျာပုံမြို့နယ်၌စပါးခင်းများအတွင်း ငါးရှဉ့်ငါးမျိုးစိုက်ထည့်

ဖျာပုံ စက်တင်ဘာ ၂၃

ငါးသယံဇာတ တိုးတက်ရေးနှင့် ငါးမျိုးမပြုန်းတီးရေးအတွက် အနယ်နယ်အရပ်ရပ်တွင် ငါးမျိုးစိုက်ထည့်ပွဲများ ကျင်းပလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၈နာရီက အောင်သာယာကျေးရွာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ငါးရှဉ့်ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်နှင့် စိုက်တိုးမြှင့်အဖွဲ့များ၊ ဖျာပုံခရိုင်ဦးစီးဌာနမှူး၊ ဖျာပုံမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ဝါဝါသိန်းနှင့် ဝန်ထမ်းများက တောင်သူ ဦးခင်မောင်ဝင်း၏ ပေါင်းစည်းလယ်ယာ ၆ ဒသမ ၇၂ ဧကရှိ စပါးခင်းများအတွင်းသို့ ငါးရှဉ့် ငါးမျိုးကောင်ရေ ၅၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကုန်သည်/စက်မှုအသင်းချုပ် ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဟောင်ကောင်မြို့ရှိ Hong Kong Development Council (HKDC) တို့ ပူးပေါင်း၍ "Hong Kong Fast Track to expand into the International Market" ဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၉းနာရီခွဲမှ မွန်းလွဲ ၁နာရီခွဲအထိ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲတွင် Hong Kong Development Council (HKDC) ဒုတိယအမှုဆောင်ဒါရိုက်တာ Mr.Benjamin Chau ကအထက်ပါခေါင်းစဉ်ဖြင့်တင်ပြဆွေးနွေးမည်ဖြစ်ပြီး HKDC ၏ ရည်ရွယ်ချက်မှာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် HKDC နှင့် ဆက်သွယ်မှုပြု၍ စီးပွားရေးအခွင့်အလမ်းများရယူနိုင်ရေးနှင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာကိစ္စများအပေါ် အမြင်ချင်းဖလှယ်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းကိစ္စများကို ကွင်းဆက်များ ရယူဆောင်ရွက်နိုင်ရေးတို့ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်လိုသော စီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI အသင်းချုပ်ရုံး ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ Ext:၁၂၂၊ ၂၁၃ သို့ စက်တင်ဘာ ၂၆ ရက် အရောက် အမည်စာရင်းပေးပို့နိုင်ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၂၅) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် စက်တင်ဘာ ၁၇ ရက်က ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ စတုတ္ထတန်းတွင် မြို့နယ်အဆင့် အင်္ဂလိပ်စာ ပထမဆုရရှိသော မနှင်းယုလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကျောင်းကျန်းမာရေးအသိပညာပေးဟောပြော

မကွေး စက်တင်ဘာ ၂၃

သရက်ခရိုင် အောင်လံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျောင်းကျန်းမာရေး တိုင်းရင်းဆေးအကြောင်း ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

ဟောပြော

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာဦးစံမြင့်အောင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီအေးတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဆရာကြီး ဦးမြင့်ကျော်က တိုင်းရင်းဆေးဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း ဟောပြောရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ စုစုပေါင်း ၁၈၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မကွေးတိုင်းရင်းဆေးရုံ)**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးဖလား မြို့နယ်ပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း အမှာစကားပြောကြားစဉ်။

(ဝ၄၉)

မြို့နယ်သတင်း ထွေတလာ

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း ဖွင့်လှစ်ပို့ချ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပသည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်ပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသားဦးရေ ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံ မင်္ဂလမုတ္တမံ = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၇)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၃

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၆၉)ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၇)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယှဉ်တွဲဖော်ပြ

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်၏ **နိုင်ငံသားစိစစ်ရေးကတ်ပြားများ၌ တိုင်းရင်းသားလူမျိုးအမည်များ ရေးသွင်းရန်အတွက် တိကျမှန်ကန်သော ညွှန်ကြားချက်များကို ဝန်ကြီးဌာနက ထုတ်ပြန်ပေးထားခြင်းရှိ/မရှိနှင့် မျိုးနွယ်စုတူညီသော တိုင်းရင်းသားများအား မျိုးနွယ်စုငယ်အမည်များ ခွဲခြားရေးသွင်းခြင်းအစား မျိုးနွယ်စုရင်းအမည်ကိုသာ ရေးသွင်းစေရန် သတ်မှတ်ညွှန်ကြား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံသားစိစစ်ရေးကတ်ပြားတွင်ဖြည့်သွင်းရမည့် အကြောင်းအရာများနှင့် ပတ်သက်၍ ပြုစုရေးသွင်းနည်းစနစ်များကို ၁၉၈၅ ခုနှစ်တွင် စနစ်တကျ ပြုစုညွှန်ကြားထားပြီးဖြစ်သကဲ့သို့ လက်ရှိလိုက်နာဆောင်ရွက်နေဆဲလည်း ဖြစ်ပါကြောင်း၊ လူမျိုးရေးသွင်းနည်းဆိုင်ရာ *စာမျက်နှာ ၆ ကော်လံ ၁* ▲

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း (၂၀)ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၃

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉၆)ဦးတို့ တက်ရောက်ကြသည်။

ဆောင်ရွက်လျက်ရှိ

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က **"တရားစီရင်ရေးကဏ္ဍတွင် သန့်ရှင်းရေးအတွက် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း"** မေးမြန်းရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရေးကဏ္ဍ သန့်ရှင်းရေးအတွက် တရားစီရင်ရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများအား ပြည်သူတစ်ရပ်လုံး၏ ယုံကြည်အားထားမှုခံယူထိုက်သည့် တရားသူကြီးကောင်းများ၊ ဝန်ထမ်းကောင်းများဖြစ်လာအောင် ပညာပေးခြင်း၊ ကြီးကြပ်ခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်လျက်ရှိပါကြောင်း။

တရားရုံးအဆင့်ဆင့်တွင် လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများမရှိရန် ကြိုတင်ကာကွယ်မှုနှင့် အရေးယူမှု အပိုင်းနှစ်ပိုင်းနှင့် ဆောင်ရွက်လျက်ရှိပြီး တရားစီရင်ရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်နေသူများ၊ တာဝန်ရှိသူများက *စာမျက်နှာ ၈ ကော်လံ ၁* ❖

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)